IPPFORB

# Toolkit for Parliamentarians

**Acknowledgement**

This is an informal translation of the IPPFoRB's Toolkits for Parliamentarians. All reasonable efforts have been made to ensure this is an accurate translation. This version is a translation of the original document in English and shall serve as information purposes only. In the case of a discrepancy, the English original shall prevail.

The translation of this document from English into Burmese was jointly commissioned by the following organisations.

Asia-Pacific Centre for the Responsibility to Protect

APPAP Asia Pacific Partnership ATROCITY PREVENTION

APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

International Panel of Parliamentarians for Freedom of Religion or Belief

## လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်အားမြှင့်တင်ခြင်းဆိုင်ရာ လွှတ်တော်အမတ်များအတွက် လမ်းညွှန်

CSW မှထုတ်ဝေသည့် IPPFoRB လမ်းညွှန်စာအုပ် ၂၀၁၈ ခုနှစ် အောက်တိုဘာလ

## ဤလမ်းညွှန်ကိုမည်ကဲ့သို့အသုံးပြုနိုင်သနည်း။

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်(FoRB)ကို ကာကွယ်မြှင့်တင်ရေး အတွက် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ယန္တရား များကိုအသုံးပြုခြင်းနှင့် ၎င်းတို့၏ FoRB အပေါ် နားလည်မှုကို မြှင့်တင်ခြင်းအားဖြင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်အား ပိုမိုထိရောက်စွာ တွန်းအားပေးတိုက်တွန်းရာတွင် လွှတ်တော်အမတ်များအနေဖြင့် အသုံးပြုနိုင်စေရန် ဤလမ်းညွှန်အားရေးသားထားခြင်း ဖြစ်သည်။

နိုင်ငံတကာလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာနေ့ကို အောက်တိုဘာလ ၂၇ ရက် နေ့တွင် နှစ်စဉ်ကျင်းပပါသည်။ အဆိုပါနေ့နှင့်တစ်နှစ်ပတ်လုံးတွင် လွတ်လပ်စွာ ယုံကြည်ခွင့် နှင့်ကိုးကွယ်ခွင့်ကို ထောက်ပံ့ရန်လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ရန်အတွက် ဤလမ်းညွှန်ကို အသုံးပြုနိုင်ပါသည်။

နိုင်ငံတကာလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာနေ့တွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်း များတွင် အောက်ပါတို့ပါဝင်သည်-

- လွှတ်တော်အတွင်းတွင် မေးခွန်းမေးမြန်းခြင်း
- လွှတ်တော်အတွင်းတွင် စကားစစ်ထိုးမှုပြုလုပ်ခြင်း
- လူမှုမီဒီယာပေါ်တွင် အသိပညာတိုးမြှင့်စေရန်ဆောင်ရွက်ခြင်း
- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်အရေးကြီးပုံအကြောင်းမီဒီယာပေါ်တွင် ဆောင်းပါးတစ်ပုဒ်ရေးသားခြင်း သို့မဟုတ် ယင်းအခွင့်အရေး ချိုးဖောက်ခံရမှုများ အကြောင်း အသိပညာပေးမှုဆောင်ရွက်ခြင်း

အထက်ဖော်ပြပါလုပ်ငန်းများကို လမ်းညွှန်ထဲတွင် အသေးစိတ်ရှင်းလင်းဖော်ပြထားပြီး နိဂုံးချုပ်အပိုင်းတွင်လည်း အကျဉ်းချုပ်ဖော်ပြထားသည်။

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကိုမြှင့်တင်ရန် ကာလရှည် ဆောင်ရွက်သင့်သည့် လုပ်ငန်းများတွင် အောက်ပါတို့ပါရှိသည်-

- လွှတ်တော်အတွင်းရှိ ယန္တရားများကို အသုံးပြုခြင်း
- အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ထိတွေ့ဆောင်ရွက်ခြင်း
- ဒေသတွင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာယန္တရားများမှတစ်ဆင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ချိုးဖောက်ခံရမှုများနှင့်စပ်လျဉ်းပြီး အများအာရုံစိုက်မှု ရရှိစေရန် ဆောင်ရွက်ခြင်း

## လမ်းညွှန်

ဤလမ်းညွှန်တွင် နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိနိုင်ငံအတွင်း တွင်လည်းကောင်း၊ နိုင်ငံပြင်ပတွင်လည်းကောင်း လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်ကို မြှင့်တင်ရန် စည်းရုံးဆော်သြရာတွင် အသုံးပြုနိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ပြထား ပါသည်။

- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဟူသည်မှာ အဘယ်နည်း
- လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကိုမြှင့်တင်ရန် လွှတ်တော်ဆိုင်ရာယန္တရားများကို အသုံးချပြီး အစိုးရနှင့်မည်ကဲ့သို့ ဆောင်ရွက် နိုင်မည်နည်း
- ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာယန္တရားများကို မည်ကဲ့သို့ အသုံးချနိုင်မည်နည်း
- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ထိတွေ့ဆောင်ရွက်နိုင်သနည်း
- နိုင်ငံတကာလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာနေ့တွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ အကျဉ်းချုပ်နှင့် နိဂုံးချုပ်

## လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ဟူသည်မှာ အဘယ်နည်း။

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင် ယုံကြည်မှု ဆိုင်ရာ လွတ်လပ်ခွင့်ကို ဘာသာရေးလွတ်လပ်ခွင့်ဟု မကြာခဏ အဓိပ္ပါယ်ဖွင့်လေ့ရှိပြီး ယေဘုယျ အားဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့်ယုံကြည်ခွင့် (FoRB) ဟု ခေါ်သည်။ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) နှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များတွင် ဖော်ပြထားသည့် ကမ္ဘာလုံးဆိုင်ရာအခြေခံ လူ့အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။

FoRB သည် အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ပြီး လူ့အခွင့်အရေးဆိုင်ရာမူဘောင်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ ယင်းသည်တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ပြီး ဖန်ဆင်းရှင်ဘုရားသခင်ရှိသည်ဟု သက်ဝင်ယုံကြည်သူများ၊ ဖန်ဆင်းရှင်ဘုရားသခင်ရှိသည်ဟု သက်ဝင်ယုံကြည်မှု မရှိသူများ၊ ဘုရားမဲ့ဝါဒီများ၊ ဘာသာမဲ့များ၊ ယုံကြည်ကိုးကွယ်မှုမရှိသူများ အပါအဝင် လူတစ်ဦးချင်းဆီကို ကာကွယ်ပေးသည်။ FoRB သည် တစ်ဦး တစ်ယောက်ချင်းကို ကာကွယ်ပေးခြင်းဖြစ်ပြီး ယုံကြည်မှုကို ကာကွယ်ပေးခြင်းမဟုတ်ပါ။

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ၎င်း၏အတွင်းပိုင်းသွင်ပြင်နှင့် အပြင်ပိုင်း သွင်ပြင် ဟူ၍ ခွဲခြားနားလည်နိုင်သည်။

## အတွင်းပိုင်းလွတ်လပ်ခွင့်

လူတစ်ဦးတစ်ယောက်၏ အတွင်းစိတ်တွင် နှစ်နှစ်ကာကာရှိသော လက်ခံမှု၊ ယုံကြည် မှုကို ဖော်ဆောင်ရန်၊ ထောက်ခံအားပေးရန်၊ ပြောင်းလဲရန်အခွင့်အရေးသည် အတွင်းပိုင်း သွင်ပြင်ဖြစ်ပြီး အကြွင်းမဲ့ ကာကွယ်မှု ရှိသည်။ ဆိုလိုသည်မှု အမျိုးသားလုံခြုံရေးနှင့် အရေးပေါ်အခြေအနေများ အပါအဝင် မည်သည့် အခြေအနေတွင်မျှ အဆိုပါလွတ်လပ်ခွင့်ကို ထိန်းချုပ်ခြင်း၊ ချိုးဖောက်ခြင်း၊ ကန့်သတ်ခြင်းသည် လျော့ကန်ခြင်း မရှိသည့်အခြေအနေ ဖြစ်သည်။

ယင်းတွင် အသိတရားအပေါ် အခြေခံပြီး သဘောထား ခံယူချက်ရှိခွင့် နှင့် ပုံဖော်ခွင့် အပါအဝင် အများကိုအနှောင့်အယှက်ဖြစ်စေသော၊ အများက လက်မခံနိုင်သော၊ အများက ကန့်ကွက်နိုင်ဖွယ်ရှိသော ယုံကြည်မှုများလည်းပါဝင်သည်။ ယင်းတွင် လူတစ်ဦးချင်းစီက

မိမိဆန္ဒရှိသည့် ယုံကြည်မှု (သို့မဟုတ်) ကိုးကွယ်မှုကို ထောက်ခံအားပေးခွင့်၊ ကိုးကွယ်မှု (သို့မဟုတ်) ယုံကြည်မှုတစ်ခုအား ထောက်ခံအားပေးခြင်းမပြုခွင့်၊ ဘာသာ (သို့မဟုတ်) ယုံကြည်သက်ဝင်မှုတစ်ခုခုအားပြောင်းလဲခွင့် (သို့မဟုတ်) ငြင်းပယ်ခွင့်၊ အတင်းအကျပ် စေခိုင်းခံ ရခြင်းမှ လွတ်လပ်ခွင့်တို့ အားကာကွယ်ပေးထားပါသည်။

## အပြင်ပိုင်းလွတ်လပ်ခွင့်

လူတစ်ဦးတစ်ယောက်၏ ၎င်းသက်ဝင်ယုံကြည်သည့်ဘာသာ (သို့မဟုတ်) ကိုးကွယ်မှု ကို တစ်ဦးတည်းသော်လည်းကောင်း (သို့မဟုတ်) အသိုင်းအဝိုင်းဖြင့်လည်းကောင်း ကျင့်သုံးခွင့် (သို့မဟုတ်) ဖော်ထုတ်ပြသခွင့်သည် ပြင်ပသွင်ပြင်ဖြစ်ပြီး နိုင်ငံတော်က ယင်းအခွင့်အရေးကို ခြွင်းချက်ရှိသောအခြေအနေများတွင်သာ ကန့်သတ်နိုင်သည်။ အဆိုပါ ကန့်သတ်မှုများကို ပြုလုပ်ရန်အတွက် စံသတ်မှတ်ထားသည့် ခိုင်မာသည့်အထောက်အထားများ လိုအပ်ပါသည်။

သင်ပြခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်၊ ကျင့်သုံးခွင့် နှင့် အခြားသော ဆောက်တည်ခွင့် မှတစ်ဆင့် ဘာသာတရားတစ်ခုအား ကိုးကွယ်မှု (သို့မဟုတ်) ယုံကြည်မှုကို ထုတ်ဖော်ပြသခွင့်အား FoRB ဆိုင်ရာ ဤအစိတ်အပိုင်းမှ ကာကွယ်ပေးသည်။ ယင်းတွင် အတင်းအဓမ္မ ဖိအားပေး ခြင်းမပါပဲ တစ်စုံတစ်ဦး၏ယုံကြည်မှု (သို့မဟုတ်) ကိုးကွယ်မှုအား အခြားသူများနှင့်မျှဝေခွင့်၊ တိုက်တွန်းအားပေးခွင့်၊ သဏ္ဍာန်တူသောဘာသာရေးဆိုင်ရာယုံကြည်မှုများကို လက်ခံခွင့်၊ ကိုးကွယ်မှု (သို့မဟုတ်) ယုံကြည်မှုအကြောင်းသတင်းအချက်အလက်များအား စာပေပုံစံ (သို့မဟုတ်) အခြားပုံစံများဖြင့် ပုံနှိပ်ထုတ်ဝေခွင့် (သို့မဟုတ်) ဖြန့်ဖြူးခွင့် စသည်တို့ ပါဝင်သည်။ ယင်းတွင် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အဆောက်အဦးများ သုံးစွဲခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့လည်းပါရှိပြီး အဝတ်အထည်များ၊ ထုံးတမ်းဓလေ့များ၊ အမှတ်သင်္ကေတများဖြင့် ယုံကြည်မှု (သို့မဟုတ်) ကိုးကွယ်မှုကို ဖော်ပြခြင်းတို့လည်းပါဝင်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ[1]မှ နိုင်ငံတကာ ဥပဒေအရ "လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်ကို ဖော်ထုတ်ပြသခွင့်အား တားမြစ်ကန့်သတ်မှုများကို အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ (သို့) လူ့ကျင့်ဝတ်၊ (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ရန် လိုအပ်မှုရှိပြီး ဥပဒေအရ ပြဋ္ဌာန်းပြီးချိန်မှသာ ကန့်သတ်မှု ပြုနိုင်ပါသည်။"[2]ဟု သုံးသပ်ထားပါသည်။

## နိုင်ငံတကာဥပဒေ

UDHR ပုဒ်မ ၁၈ တွင် "လူတိုင်း လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု ဆိုင်ရာ လွတ်လပ်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးတွင် မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွပ်လပ်စွာ ပြောင်းလဲခွင့်အပြင်၊ တစ်ဦးချင်းဖြစ်စေ၊ အများနှင့် စုပေါင်း၍ဖြစ်စေ မိမိကိုးကွယ်သည့်ဘာသာ သို့တည်းမဟုတ် သက်ဝင်ယုံကြည်မှုကို အများပြည်သူ ရှေ့မှောက်တွင်ဖြစ်စေ၊ တစ်သီးပုဂ္ဂလ ဖြစ်စေ လွပ်လပ်စွာ သင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်ခွင့်တို့လည်း ပါဝင်သည်။

ပုဒ်မ ၁၈ အား ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) တွင်လည်း အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ၁၉၆၆ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR)၊နှင့်အတူ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ (International Bil of Rights) အဖြစ် လက်ခံ အတည်ပြုခဲ့သည်။ လူ့အခွင့်အရေး

[1] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသည် ICCPR အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာလျက်ရှိသည့် လွတ်လပ်သည့် ကျွမ်းကျင်ပညာရှင်များနှင့် ဖွဲ့စည်းထားပြီး လူ့အခွင့်အရေးပြဋ္ဌာန်းချက်ပါ အကြောင်းအရာများ၊ အကြောင်းအရာအလိုက် ပြဿနာများ (သို့) လုပ်ကိုင်ပုံနည်းလမ်းများအပေါ် အဓိပ္ပာယ်ဖွင့်ဆိုသည့် အထွေထွေမှတ်ချက်များ ထုတ်ပြန်ကြေညာပါသည်။

[2] လူ့အခွင့်အရေးကော်မတီ၏ အထွေထွေမှတ်ချက် ၂၂ http:// hrlibrary.umn.edu/gencomm/hrcom22.htm

ကော်မတီ၏ အထွေထွေ မှတ်ချက် ၂၂ တွင် ICCPR ၏ ပုဒ်မ ၁၈ကို အကောင်အထည်ဖော်မှုရာ၌ အရေးကြီးသော အသေးစိတ် အချက်အလက်များကို ဖော်ပြ ထားသည်။

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အား အောက်ဖော်ပြပါ လူ့အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာစာချုပ်များဖြင့် ကာကွယ်ထားသည်-

- ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ( CRC ပုဒ်မ ၁၄ )
- ရွှေ့ပြောင်းလုပ်သားများအားလုံးနှင့်၎င်းတို့၏မိသားစုဝင်များ၏အခွင့်အရေးများကိုကာကွယ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်  ( ပုဒ်မ ၁၂ )
- ဘာသာရေး (သို့မဟုတ်) ယုံကြည်ချက်အပေါ်အခြေခံထားသော ခွဲခြားဆက်ဆံမှုများနှင့် မတူကွဲပြားခြင်းကို နားလည်လက်ခံခြင်းမရှိသည့် ပုံစံများ အားလုံး ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UNGA ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)
- အမျိုးသား (သို့မဟုတ်) လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာ စကားဆိုင်ရာ လူနည်းစုတွင် ပါဝင်သူ ပုဂ္ဂိုလ်များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNGA ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှာ FoRB ဆိုင်ရာ ကုလသမဂ္ဂကျွမ်းကျင်ပညာရှင်ဖြစ်ပြီး ၎င်း၏အစီရင်ခံစာများနှင့်အကြံပြုချက်များမှာ FoRB ဆိုင်ရာပြဿနာများအား ဖော်ထုတ်သတ်မှတ်ရန်နှင့် ဖြေရှင်းရာတွင် အကူအညီဖြစ်စေ ပါသည်။

## အဘယ်ကြောင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိရန် အရေးကြီးပါသနည်း။

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်သည် တစ်ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေး တစ်ရပ် ဖြစ်ပြီး လူတိုင်းအားအကျိုးဖြစ်ထွန်းစေပါသည်။ မတူကွဲပြားမှုကို လေးစားလိုက်နာခြင်းအား ကာကွယ်ပေးပြီး ၎င်းအားကျင့်သုံးခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တရားဥပဒေစိုးမိုးမှု၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အား အထောက်အပံ့ဖြစ်စေပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအားလုံးနီးပါး FoRB ကို ကျင့်သုံးရန် ကတိကဝတ်ပြုထားပြီး ကမ္ဘာ့လူဦးရေ၏ ၈၄ ရာခိုင်နှုန်း[3]မှာ ဘာသာတစ်ခုခုအားကျင့်သုံးသူများဖြစ်ကြပါသည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်တွင် အစိုးရ၏ ဘာသာရေးပေါ်၌ ကန့်သတ်ချက်များ မြင့်တက်လာသည်နှင့်အတူ ဥရောပ၌ လူကြိုက်များသောပါတီများနှင့်အဖွဲ့အစည်းများမှ ဘာသာရေးလူနည်းစုများအပေါ် အနှောင့်အယှက်ပေးမှုများနှင့် ဖိနှိပ်မှုများကို ပိုမိုတွန်းအားပေး လာသည်ကို တွေ့ခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း ၈၀ ( ၄၀ ရာခိုင်နှုန်း ) နှင့် ၂၀၀၇ ခုနှစ်[4]တွင် ၅၈ နိုင်ငံ ( ၂၉ ရာခိုင်နှုန်း ) သာရှိခဲ့ရာမှ ၈၃ နိုင်ငံ (၄၂ ရာခိုင်နှုန်းသော)တွင် ဘာသာရေးဆိုင်ရာ ကန့်သတ်ချက်များ အဆင့် အလွန်မြင့်မားခဲ့ပါသည်။ ဤကဲ့သို့မြင့်မားလာရခြင်းမှာ အစိုးရများ၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်စေ သို့မဟုတ် တစ်ဦးတစ်ယောက်ချင်းစီ၊ အဖွဲ့ အစည်းများနှင့် လူမှုအုပ်စုများ၏ ရန်လိုသောအပြုအမူများကြောင့် ဖြစ်စေ ဖြစ်နိုင်ပါသည်။

နောက်ဆက်တွဲအနေဖြင့် ပြည်တွင်းတွင်သာ FoRB ကို တိုးမြှင့်၊ လေးစား၊ ကာကွယ်ရုံသာမက အကျိုးရှိ ထိရောက်သော နိုင်ငံခြားရေးမူဝါဒတစ်ရပ်တွင်လည်း FoRBကို မဖြစ်မနေ ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။

ထို့အပြင် မည်သည့်နိုင်ငံတွင်ဖြစ်စေ တရားဝင် သို့မဟုတ် အင်အားကြီး ဘာသာရေး တည်ရှိမှုအားဖြင့် ယင်းဘာသာကို မထောက်ခံသူများ၏အခွင့်အရေးများအပေါ် ကန့်သတ်ချုပ်ချယ်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် တရားမျှတသည်ဟု သတ်မှတ်ခြင်းမရှိပါ။ " အထူးသဖြင့် အခြားသောယုံကြည်သက်ဝင်မှုများအား ကျင့်ကြံခြင်းများကို ကန့်သတ်ခြင်း သို့မဟုတ် အစိုးရအမှုထမ်းဆောင်ရန်အတွက် လူအများစုကိုးကွယ်သည့် အင်အားကြီးဘာသာဝင်များ ဖြစ်ရမည်ဟူသော အရည်အချင်း သတ်မှတ်ချက်များ ကန့်သတ်ခြင်း၊ သို့မဟုတ် လူအများစုကိုးကွယ်သည့် အင်အားကြီး ဘာသာဝင်များအား စီးပွားရေး ဆိုင်ရာ အခွင့်အလမ်းများ ပေးခြင်း အစရှိသည့် အင်အားကြီးဘာသာကို မထောက်ခံသူများအပေါ် ခွဲခြားဆက်ဆံသည့် လုပ်ဆောင်ချက်များ

[3] Pew သုတေသန ဖောင်ဒေးရှင်း၊ ကမ္ဘာလုံးဆိုင်ရာ ဘာသာရေး အခင်းအကျင်း၊ ဒီဇင်ဘာ ၂၀၁၂။
http://www.pewforum.org/2012/12/18/global-religious-landscape-exec/

[4] Pew သုတေသန ဖောင်ဒေးရှင်း၊ ကမ္ဘာလုံးဆိုင်ရာ ဘာသာရေးအပေါ် အစိုးရဖိနှိပ်မှု မြင့်တက်လာခြင်း၊ ဇွန် ၂၀၁၈။

သည် ICCPR [5]၏ ပုဒ်မ ၂၆ တွင် အာမခံထားသည့် တန်းတူညီမျှ အကာအကွယ်ရမှုနှင့် ဘာသာရေးသို့မဟုတ် ယုံကြည်ချက် အပေါ်အခြေခံသော ခွဲခြားဆက်ဆံမှုများအား ကာကွယ် တားဆီးမှုနှင့် ကိုက်ညီခြင်း မရှိပါ။ ”

ယနေ့ဖြစ်ပွားနေသော ပဋိပက္ခများအပြားသည် ကိုးကွယ်ရာဘာသာ ကွဲပြားမှုများ သို့မဟုတ် ဘာသာရေးကို အလွဲသုံးစားပြုမှုများအပေါ် အခြေခံဖြစ်ပွားပြီး ယင်းတို့ကြောင့်လည်း ပိုမိုဆိုးရွား စေပါသည်။ စိန်ခေါ်မှုအသစ်များ၊ ထူးကဲသောစိန်ခေါ်မှုများ ကြုံတွေ့နေရသော မတည်ငြိမ်သည့် ဤကမ္ဘာကြီးတွင် FoRB သည် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုရရှိရန် ဆောင်ရွက်ရာတွင် အရေးကြီး သော အခန်းကဏ္ဍမှ ပါဝင်သည်ကို အသိမှတ်ပြုရန် အရေးကြီးပါသည်။

ငြိမ်းချမ်းမှုနည်းပါးသည့် နိုင်ငံအများအပြားတွင် ဘာသာရေးမတူကွဲပြားမှုများ၊ လက်သင့်ခံ နိုင်စွမ်း သို့မဟုတ် လေးစားအသိအမှတ်ပြုမှုအဆင့်များလည်း အလွန်နိမ့်ကျသည်။ ဂျော်ဒန်ဘုရင် H.M. King Abduhallah II ၏ အထူးကိုယ်စားလှယ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုရေးရာ အကြံပေးအရာရှိချုပ် ဖြစ်သူ HRH Prince Ghazi bin Mohammad က ၂၀၁၃ ခုနှစ်၌ Clarence House ၌ ပြောကြား ခဲ့သည့် မိန့်ခွန်းတွင် ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ဥပမာတစ်ခုပြောခဲ့ပါသည်။ ဆိုမာလီယာနိုင်ငံကဲ့သို့သော ကမ္ဘာပေါ်၌ လူမျိုး ၊ ဘာသာ၊ အမျိုးအနွယ်ဆိုင်ရာများ တစ်မျိုးတည်းအဖြစ်ဆုံးသောနိုင်ငံသည် လွန်ခဲ့သည့်ရာစုနှစ်တွင် ကမ္ဘာပေါ်တွင်အားအနည်းဆုံးနိုင်ငံဖြစ်ခဲ့ပြီး မတူကွဲပြားမှုများ သောင်းပြောင်း ရောနှောမှု အများဆုံး နိုင်ငံဖြစ်သည့် အမေရိကန် နိုင်ငံသည် ၂၀ ရာစုအတွင်း အားအကောင်းဆုံး ဖြစ်နေသည်မှာ မတော်တဆတိုက်ဆိုင်မှု မဟုတ်ပါ။ ”

စီးပွားရေးနှင့်ငြိမ်းရေးဆိုင်ရာအင်စတီကျူ့၏ သုတေသနတစ်ခုတွင် ဘာသာရေး လွတ်လပ်မှုကောင်းမွန်သောနိုင်ငံများသည် ဘာသာရေးလွတ်လပ်မှုအားနည်းသည့် နိုင်ငံများ ထက် ယေဘုယျအားဖြင့် ပိုမိုချမ်းသာကြွယ်ဝသည်ကို တွေ့ရှိရသည်။ ဘာသာရေးဆိုင်ရာ

[5] CCPR အထွေထွေမှတ်ချက် ၂၂ - အပိုဒ် ၁၈ (အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်) http://www.refworld.org/docid/453883fb22. 2 html

စစ်ပွဲများ ဖြစ်ပွားခြင်းနှင့် ကန့်သတ်ချက်များချမှတ်ခြင်းက ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ယုတ်လျော့စေပြီး စီးပွားလုပ်ငန်းများဆောင်ရွက်မှုကို လျော့ပါးစေသည့်အတွက် FoRB ဖြစ်ထွန်း မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု[6]နှင့် အပြန်အလှန်ဆက်စပ် နေသည်။

## လွှတ်တော်ဆိုင်ရာယန္တရားများကိုအသုံးပြုခြင်းနှင့် အစိုးရနှင့်ပူးပေါင်းပြီး FoRB ကိုမြှင့်တင်ခြင်း

FoRB ကို ထိန်းသိမ်းရန်အတွက် အစိုးရများတွင် အဓိကတာဝန်ရှိသည်။ ဥပဒေပြု အဖွဲ့ဝင်တစ်ဦး သို့မဟုတ် လွှတ်တော်အမတ်တစ်ဦးအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အစိုးရအား FoRB ကို မြှင့်တင်ရာတွင် အသုံးပြု ဆောင်ရွက်နိုင်မည့် လွှတ်တော်စနစ်အတွင်းတွင် အသုံးပြုနိုင်မည့် နည်းလမ်းကိရိယာများစွာ ရှိနိုင်ပါသည်။

## FoRB အတွက် တာဝန်ရှိသည့် အစိုးရဌာနများ

အောက်ဖော်ပြပါ အစိုးရ ဌာနများ၏ တရားစီရင်ပိုင်ခွင့်အောက်တွင် FoRB ကိုဆောင်ရွက်နိုင်သည်-

- ပြည်တွင်းတွင်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအတွက် တာဝန်အရှိဆုံးဖြစ်မည့် ဌာနများမှာ ပြည်ထဲရေးနှင့် တရားစီရင်ရေးဌာနများဖြစ်သည်။
- အခြားနေရာများတွင်ဖြစ်ပွားသည့် အကြမ်းဖက်မှုများအတွက် ပြည်ထဲရေးဝန်ကြီး ဌာနရှိဌာနများသည် ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ဖမ်းဆီးနှိပ်စက်မှုကိစ္စရပ် များပါရှိပါက ဒုက္ခသည်ခိုလှုံခွင့်တောင်းခံခြင်းများအပေါ်တွင်လည်း ဆောင်ရွက် ရမည် ဖြစ်သည်။
- နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် အလားသဏ္ဌာန်တူဌာနသည် ကမ္ဘာတစ်ဝှမ်းတွင် FoRB အား မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအတွက် အဓိက တာဝန်ရှိသောဌာန ဖြစ်သည်။ သင့်တိုင်းပြည်၏ကမ္ဘာတစ်ဝန်းရှိ သံရုံးကွန်ယက်များနှင့်

[6] Grim၊ Clark နှင့် Snyder၊ စီးပွားရေးလုပ်ရာတွင် ဘာသာရေးလွတ်လပ်ခွင့်က ကောင်းပါသလား၊ ၂၀၁၄
http://www.religjournal.com/pdf/ijrr10004.pdf

နိုင်ငံတကာ အဖွဲ့များ ဥပမာအားဖြင့် ကုလသမဂ္ဂမှတဆင့် ပေးပို့ထားသော မူဝါဒသဘောထားများကို စုံစမ်းနိုင်သည်။

- နိုင်ငံခြားထောက်ပံ့မှုများအားစီမံခန့်ခွဲသောဌာနသည်လည်း FoRB အပါအဝင် လူ့အခွင့်ရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်နိုင်ဖွယ်ရှိသည်။
- FoRB အပါအဝင် လူ့အခွင့်အရေးကိစ္စများကိုလည်းဖြေရှင်းရနိုင်ဖွယ်ရှိသည့်အတွက် ကာကွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးသည်လည်း နိုင်ငံများအကြား ပူးပေါင်း ဆက်ဆံမှုတွင် အရေးပါသော အဓိကနယ်ပယ်များဖြစ်သည်။

FoRB ဆိုင်ရာ အစိုးရ၏မူဝါဒကို စိစစ်မေးမြန်းရန်အတွက် အထက်ဖော်ပြပါ ဝန်ကြီး ဌာနများအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

## လွှတ်တော်တွင်မေးခွန်းများမေးမြန်းခြင်း

လွှတ်တော်တွင်မေးခွန်းများမေးမြန်းခြင်းသည် နိုင်ငံများအလိုက် မတူညီကြပါ။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင်ကြယ်ပွင့်ပြမေးခွန်း (နှုတ်ဖြင့်ဖြေကြားရန် လိုအပ်သည်)၊ ကြယ်ပွင့်မပြမေးခွန်း (စာဖြင့်ရေးသားဖြေဆိုရန်လိုအပ်သည်) သို့မဟုတ် ၁၀ ရက်အတွင်း အဖြေရရှိရန် လိုအပ်သည့် ရုတ်ချည်း မေးခွန်းများ (အရေးပေါ်မေးခွန်းများ) ဟူ၍ရှိပါသည်။ အရေးပေါ်မေးခွန်းများမေးမြန်းခြင်းသည် လျင်မြန်စွာ အရှိန်မြင့်တက်ဖြစ်ပွားနေသည့် FoRB ဆိုင်ရာပြဿနာနှင့်စပ်လျဉ်းပြီး တောင်းဆိုရာတွင် အလွန်ထိရောက်မှုရှိသည်။

စာဖြင့်ရေးသားသော လွှတ်တော်မေးခွန်းများနှင့်နှုတ်ဖြင့်မေးသော လွှတ်တော်မေးခွန်းနှစ်မျိုးစလုံးသည် အောက်ပါတို့အား ပြုလုပ်ရန် အခွင့်အလမ်းတစ်ခုဖြစ်သည်-

- နိုင်ငံတွင်းဖြစ်ပွားသော FoRB ချိုးဖောက်မှုဆိုင်ရာများကို တင်ပြဆွေးနွေးနိုင်ပြီး ကုစားမည့် နည်းလမ်းများအားတောင်းဆိုနိုင်ခြင်း
- FoRB ကာကွယ်ရေးနှင့်မြှင့်တင်ရေးအပေါ် အစိုးရ၏မူဝါဒများအား မေးမြန်းနိုင်ခြင်း

- မိမိနိုင်ငံအစိုးရအနေဖြင့် မည်သည့် FoRB ကိစ္စရပ်များ၊ ပြဿနာများကို အခြား နိုင်ငံများမှအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို မေးမြန်းနိုင်ခြင်း
- FoRB ချိုးဖောက်မှုပြဿနာတစ်ရပ်ရပ်အပေါ် ကိုင်တွယ်ဆောင်ရွက်ရန် တွန်းအား ပေးနိုင်ခြင်း
- ကုန်သွယ်ရေး၊ ကာကွယ်ရေးနှင့် ထောက်ပံ့ကူညီမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ သို့မဟုတ် သဘောတူညီမှုများတွင် အစိုးရအနေဖြင့် FoRB ကို မည်ကဲ့သို့ ထည့်သွင်း ဆောင်ရွက်နေသည်ကို သေချာအောင်လေ့လာဆန်းစစ်နိုင်ခြင်း

## နှုတ်ဖြင့်မေးခွန်းများမေးမြန်းခြင်း

နှုတ်ဖြင့်မေးခွန်းများမှာ ကြိုတင်ပြီး နေ့ရက်အချိန်သတ်မှတ်မေးမြန်းသော မေးခွန်း များဖြစ်ပါသည်။ လွှတ်တော်အချိန်ဇယားအလိုက် ဖြေဆိုချိန်သတ်မှတ်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနမှတာဝန်ရှိသောဝန်ကြီးများက လာရောက်ဖြေဆိုခြင်းဖြစ်သည်။

## အကြံပြုလုပ်ငန်းများ

- နိုင်ငံတကာလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာနေ့တွင် သို့မဟုတ် ၎င်းရက်နှင့် နီးသောကာလတွင် နိုင်ငံခြားရေးအတွက် တာဝန်ရှိသော ဝန်ကြီးတစ်ဦးနှင့် လွှတ်တော်တွင် မေးမြန်းဆွေးနွေးသော အစီအစဉ်ရှိပါက မေးခွန်းမေးမြန်းပါ။ ဥပမာအားဖြင့်
- နိုင်ငံခြားရေးဝန်ကြီးအား လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့်ပတ်သက်ပြီး မကြာ သေးခင်က ဆောင်ရွက်ခဲ့သည့်အကဲဖြတ် လေ့လာမှု ရှိ/မရှိနှင့် ၎င်းကိုမြှင့်တင်ရန် အစိုးရ အနေဖြင့် မည်သည့်အချက်များဆောင်ရွက်ထားသည်ကို မေးမြန်းပါ။

အစိုးရက ဆက်လက်လုပ်ဆောင်ရန်အတွက် နောက်ဆက်တွဲ မေးခွန်းကိုလည်း မကြာခဏ မေးမြန်းနိုင်သည် -

- ကမ္ဘာ့နေရာအများအပြားတွင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်မှာ အလွန်အားနည်း လျက်ရှိပါသည်။ ဤအရေးကြီးသော ကိစ္စရပ်များအပေါ်အကြံပြုရန် လွတ်လပ်စွာ

ကိုးကွယ် ယုံကြည်ခွင့်ဆိုင်ရာ အထူးအကြံပေးတစ်ဦးခန့်အပ်ရန် သို့မဟုတ် ကော်မရှင် တစ်ရပ်ဖွဲ့စည်းရန် အစိုးရအနေဖြင့် အစီအစဉ် ရှိ/ မရှိ။

## ရေးသားထားသောမေးခွန်းများ

ရေးသားထားသော လွှတ်တော်မေးခွန်းများသည် လွှတ်တော်ပြက္ခဒိန်အပေါ်တွင် မူတည်ခြင်းမရှိသကဲ့သို့ ဝန်ကြီးအား လူကိုယ်တိုင်မေးခွန်းတစ်ခုထုတ်ရန်အတွက် ဆန္ဒမဲများ ပေါ်တွင် အချိန်ကုန်ဆုံးရသည့်အန္တရာယ်လည်းမရှိပါ။ ပိုမိုပြည့်စုံသော တုံ့ပြန်မှုရရှိနိုင်သောကြောင့် စာဖြင့်ရေးသားထားသောမေးခွန်းများသည် အသုံးဝင်သည်။ ၎င်းတို့သည် ပိုမိုအသေးစိတ်သော မေးခွန်းများမေးရန်အကောင်းဆုံးအခွင့်အလမ်းတစ်ခုဖြစ်သည်။ ဥပမာအားဖြင့်-

အီရတ်နှင့်ဆီးရီးယားနိုင်ငံများရှိအစ္စလာမ်နိုင်ငံတော် (IS) ၏လှုပ်ရှားမှုများကြောင့် ထိခိုက်ခံစားနေရသော ဘာသာရေးလူနည်းစုများအား သူ/သူမ၏ဌာနမှမည်သည့် အကူအညီများ ပေးသည်ကို နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းရန်။

## ဝန်ကြီးများထံ တရားဝင်ပေးစာများ

ဝန်ကြီးတစ်ဦး သို့မဟုတ် အစိုးရဌာနတစ်ခုမှ ပိုမိုစဉ်းစားထားသော တုံ့ပြန်မှုတစ်ခုကို ရရှိရန်အတွက် သင်သည်သက်ဆိုင်ရာဝန်ကြီးထံသို့ တရားဝင် စာတစ်စောင်ရေးသားနိုင်ပြီး အချက်အလက် ပိုမိုပေးနိုင်သည့် သုတေသနအစီရင်ခံစာ (သို့မဟုတ်) အနှစ်ချုပ်တစ်စောင်အား ပူးတွဲတင်ပြနိုင်သည်။ လွှတ်တော်အမတ်အများအပြားက လက်မှတ်ရေးထိုးလိုက်သော စာတစ်စောင်သည် အထူးသဖြင့် ပါတီစုံကလက်မှတ်ရေးထိုးခြင်းဖြစ်လျှင် ထိုကိစ္စနှင့် ပတ်သက် ၍ စိတ်ဝင်စားမှုအဆင့်ကို မြင့်တင်ဖော်ပြရာရောက်သည်။

## ထုတ်ပြန်ချက်များ

အခြေအနေတစ်ရပ် သို့မဟုတ် ပြဿနာများကို အာရုံစိုက်လာစေရန် သင်သည် အများပြည်သူနှင့် သက်ဆိုင်သောပူးတွဲကြေညာချက်ထုတ်ပြန်ရန် အခြားစိတ်တူသဘောတူသော လုပ်ဖော်ကိုင်ဖက်များ နှင့်အတူ အလုပ်လုပ်နိုင်သည်။ ထိုသို့ ပူးပေါင်းလုပ်ကိုင်ခြင်းသည် မီဒီယာ၏စိတ်ဝင်စားမှုကို ပိုမိုရရှိစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်သော

ပရိသတ်ထံသို့ ပြဿနာများကို ချပြနိုင်သည်။ ဤထုတ်ပြန်ချက်ကို IPPFoRB မှ စတင်ခဲ့သောစည်းရုံးလှုံ့ဆော်ရေးစာနှင့် ဆက်စပ်ပူးတွဲ၍ လုပ်ဆောင်နိုင်သည်။

## ဆွေးနွေးငြင်းခုံမှုများ

ဆွေးနွေးငြင်းခုံမှုများသည် ကိစ္စတစ်ခုကို ကြာရှည်ပိုမိုအာရုံစိုက်နိုင်သည့် အခွင့်အလမ်းတစ်ခုကို ပေးသည်။ ၎င်းတို့သည် အစိုးရသို့အကြံပြုချက်များတင်ပြရန်နှင့် ဝန်ကြီးအတွက် သူ၏အဖြေများအား စိန်ခေါ်ရန် အခွင့်အရေးတစ်ခုဖြစ်သည်။

## အကြံပြုလုပ်ငန်း -

FoRB၏ကမ္ဘာတစ်ဝှမ်းအခြေအနေနှင့်အစိုးရ၏တုန့်ပြန်မှုအကြောင်းဆွေးနွေးပွဲတစ်ခုပြုလုပ်ပါ။

## ကြားနာမှုများ

ကြားနာမှုများ ပြုလုပ်ခြင်းအားဖြင့် အသိအမြင်ပွင့်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း နှင့်/ သို့မဟုတ် ချိုးဖောက်မှုကျူးလွန်ခံရသူများ (သူတို့ အန္တရာယ်ကင်းစွာပါဝင်နိုင်လျှင်) ထံမှ လူသိနည်းသောပြဿနာများကို ကြားသိဆွေးနွေးနိုင်ပြီး၊ အဆိုပါ ပြဿနာတစ်ခုအတွက် အသိပညာပေးနိုင်သော အခွင့်အလမ်းတစ်ရပ်ကို ဖော်ဆောင်ပေးသည်။

## အကြံပြုလုပ်ငန်း -

FoRB နှင့်ပတ်သက်၍ လူထုအခြေပြုလူ့အဖွဲ့အစည်းများနှင့်အတူကြားနာခြင်း ပြုလုပ်ပါ အထူးသဖြင့် အလွန်ဆိုးရွားသည့်အခြေအနေကိုမီးမောင်းထိုးပြခြင်း သို့မဟုတ် FoRB နှင့် အခြား လူ့အခွင့်အရေးပြဿနာများဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ အမျိုးသမီးများ အခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေး စသည်တို့နှင့်ဆက်စပ်ဆွေးနွေးခြင်း၊

## ဥပဒေပြုရေး

တန်းတူညီမျှမှုရှိခြင်းနှင့်ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူနည်းစုအခွင့်အရေးနှင့် FoRB ဆိုင်ရာ ဥပဒေအသစ်ကိုအဆိုတင်သွင်းနိုင်ပြီး / သို့မဟုတ် FoRB အပါအဝင် အခြေခံ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုပါထိခိုက်စေနိုင်သည့် အဆိုပြုထားသည့်ဥပဒေ ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်ကောင်းမွန်သော ဆက်ဆံရေးသည် ဤနေရာတွင် အထောက်အကူပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတကာနှင့်/သို့မဟုတ် ဒေသဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) များသည် အထူးစိုးရိမ်ဖွယ်ရာရှိသော ဥပဒေပြုရေးဆိုင်ရာ အစပျိုးမှုများကိုဖော်ထုတ်နိုင်ပြီး FoRB ကို ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးနိုင်မည့် ပြင်ဆင်မှုများကိုအကြံပြုနိုင်သည်။

## မဲဆန္ဒနယ်အတွင်းလှုပ်ရှားမှု

သင်၏ဒေသမဲဆန္ဒနယ်မြေရှိ ဖမ်းဆီးမှုများအကြောင်းမေးမြန်းခြင်း၊ အမှုစစ်ဆေး စီရင်ခြင်းအား လေ့လာခြင်းဖြင့် တရားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို သေချာစွာ စစ်ဆေးခြင်း၊ အကျဉ်းသားများထံ သွားရောက်ကြည့်ရှုခြင်း၊ မတူကွဲပြားသောဘာသာဝင်များ၊ ဘာသာမဲ့ လူငယ်လူရွယ်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် အမျိုးသမီးအုပ်စုများ အပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း စသည်တို့ကို သင်ဆောင်ရွက်နိုင်သည်။ ကွဲပြားသောဒေသခံအသိုင်းအဝိုင်းတစ်ခုတွင် သို့မဟုတ် ပြည်ပတွင် ချိုးဖောက်မှုများရှိပါက ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆိုပါ အသိုင်းအဝိုင်းများသို့ သွားရောက် နိုင်သည်။ ဤအရာသည် FoRB ချိုးဖောက်မှုများကို ကြုံတွေ့ခံစားခဲ့ရသူများအား ထောက်ခံမှု ပြသမည်ဖြစ်ပြီး အထက်ပါ လွှတ်တော်လှုပ်ရှားမှုများတွင် ပါဝင်ရန် သင်၏လုပ်ဆောင်စွမ်းရည်ကို အသိပေးရန်နှင့် မြှင့်တင်ရန်ဖြစ်သည်။ သင်သည် သင်၏တွေ့ရှိချက်များနှင့် ပြည်သူလူထုကိုယ်စား လွှတ်တော်၌ လုပ်ဆောင်ချက်များနှင့် အထူးသဖြင့်ကိစ္စရပ်များ (သို့) ကိစ္စရပ်များအပေါ် လူထုအခြေပြု အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများကို အသေးစိတ်ဖော်ပြရန် လူမှုမီဒီယာကို အသုံးပြု နိုင်သည်။

## အထူးကိုယ်စားလှယ်များ၊ သံတမန်များသို့မဟုတ်သံအမတ်များ

ဤအခွင့်အရေးအပေါ် အစိုးရ၏အာရုံစူးစိုက်မှုကိုတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံအများအပြားသည် FoRB အတွက် အထူးသံတမန် သို့မဟုတ် သံတမန်ကြီးရာထူးများ ခန့်အပ်ခဲ့ကြသည်။

**လက်ရှိ FoRB သံအမတ်သို့မဟုတ်အထူးသံတမန်ရာထူးများ -**

အမေရိကန်ပြည်ထောင်စုတွင် အပြည်ပြည်ဆိုင်ရာဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အမေရိကန်သံတမန်အဖြစ်ခန့်အပ်ခြင်းကို ၁၉၉၈ ခုနှစ် ကွန်ဂရက်အပြည်ပြည်ဆိုင်ရာ ဘာသာရေး လွတ်လပ်ခွင့်အက်ဥပဒေဖြင့် ပုံဖော်ခဲ့ခြင်းဖြစ်သည်။ သံတမန်သည် ဘာသာရေး လွတ်လပ်ခွင့်ကို နိုင်ငံခြားရေးမူဝါဒတွင် အဓိကရည်မှန်းချက်အဖြစ် မြှင့်တင်ရန်တာဝန်ယူထားသည့် နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် (IRF) ၏ အကြီးအကဲဖြစ်သည်။ IRF သည် အထူးစိုးရိမ်ဖွယ်ရာရှိသော နိုင်ငံများအကြောင်း နှစ်စဉ်အစီရင်ခံစာတင်ပြရပြီး အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာကော်မရှင် (USCIRF) နှင့်နီးကပ်စွာ အလုပ်လုပ်သည်။ အဆိုပါသံအမတ်ကြီးကို အထက် လွှတ်တော်က အတည်ပြုခြင်းမပြုမီ သမ္မတက အမည်စာရင်းတင်သွင်းသည်။

- ၂၀၁၂ ခုနှစ်တွင် နော်ဝေနိုင်ငံသည် နိုင်ငံရပ်ခြားတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ကို မြှင့်တင်ရေး အစိုးရ၏ကြိုးပမ်းမှုများကို ကူညီထောက်ပံ့ရန်အတွက် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်ကို ခန့်အပ်ခဲ့သည်။
- ဥရောပကော်မရှင်သည် ဥရောပသမဂ္ဂပြင်ပတွင် လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့် နှင့် လွတ်လပ်ခွင့်တိုးမြှင့်ရေးအတွက် ၂၀၁၆ ခုနှစ်မေလတွင် လွတ်လပ်စွာ ကိုးကွယ် ယုံကြည်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်ကိုခန့်အပ်ခဲ့ပြီး အဓိကတာဝန်မှာ မတူကွဲပြားမှုနှင့် ဘာသာများအချင်းချင်း အကြားတွေ့ဆုံဆွေးနွေးမှုများကို လေးစားခြင်းအပေါ် အာရုံစိုက် ဆောင်ရွက်ရန် ဖြစ်သည်။
- ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်ကို ဒိန်းမတ်နိုင်ငံခြားရေးရုံး၏ တရားစီရင်ပိုင်ခွင့်အောက်တွင် ခန့်အပ်ခဲ့သည်။ အဆိုပါရုံး၏အဓိကတာဝန်မှာ ဘာသာရေးလူနည်းစုများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ထိန်းသိမ်းရန်၊ FoRB ကိုမြှင့်တင်နေသော အရပ်ဘက်

အဖွဲ့အစည်းများကို ထောက်ပံ့ရန်၊ ဒိန်းမတ်နိုင်ငံ၏ FoRB ချိုးဖောက်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာ ၏အစီရင်ခံမှု အားကောင်းလာစေရန်၊ ကမ္ဘာတစ်ဝှမ်းတွင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အခြေခံလူ့အခွင့်အရေးတစ်ရပ်အနေဖြင့် မြှင့်တင်ရန် ဖြစ်သည်။

- ဂျာမနီအစိုးရသည် ၂၀၁၈ ခုနှစ်၊ မတ်လ၌ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၏တရားစီရင်ပိုင်ခွင့်အောက်တွင် ကမ္ဘာလုံးဆိုင်ရာ ဘာသာရေး လွတ်လပ်ခွင့်အတွက် ဖက်ဒရယ်အစိုးရကော်မရှင်နာ၏အခန်းကဏ္ဍကို ပုံဖော်ဖန်တီးခဲ့ သည်။ ကော်မရှင်နာသည် နှစ်နှစ်တစ်ကြိမ်ဖယ်ဒရယ်အစိုးရထံအစီရင်ခံစာ တင်သွင်း ရသည်။
- ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ဗြိတိန်သည် FoRB အတွက် အထူးသံတမန်တစ်ဦးကို ခန့်အပ် ခဲ့သော်လည်း ၎င်းသံတမန်၏ တာဝန်များအား အတိအကျသတ်မှတ်ရန် ကျန်ရှိနေ သေးသည်။

## အကြံပြုလုပ်ငန်း -

- သင်၏နိုင်ငံတွင် FoRB သံတမန် သို့မဟုတ် အထူးကိုယ်စားလှယ်ရှိပါက ၎င်းတို့ထံ စာရေးပြီး FoRB ကိစ္စများကိုအာရုံစိုက်စေပါ။
- မေးခွန်းတစ်ခုကိုတင်ပြပါ သို့မဟုတ် လိုအပ်ပါက ဤအခန်းကဏ္ဍကို ထပ်မံတိုးမြှင့် ပေးရန် သင့်အစိုးရအား တောင်းဆိုသည့် စာတစ်စောင်ရေးပါ။
- အကယ်၍သင့်နိုင်ငံတွင် ထိုကိုယ်စားလှယ် (သို့မဟုတ်) သံတမန်ကို ခန့်ထားရခြင်းက အကျိုးရှိမည်ဖြစ်ပြီး ယင်းရာထူးကို ခန့်ထားခြင်းမရှိသေးပါက ထိုရာထူးကိုခန့်အပ်ရန် သင့်အစိုးရအား တောင်းဆိုသည့် စာတစ်စောင်ကိုရေးပါ။

ကျေးဇူးပြု၍မှတ်သားပါ - ဤလုပ်ဆောင်မှုကိုမပြုလုပ်မီ၊ မည်သည့်နည်းလမ်းက အထိရောက်ဆုံး ဖြစ်မည်ကိုသုတေသနပြုလုပ်ရမည်။ သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများက FoRB ၏ စည်းရုံး လှုံ့ဆော်ရေးကိုတိုးမြှင့်ရာတွင် ထိုအခန်းကဏ္ဍကို ဖန်တီးသင့် / မသင့်နှင့် ဖန်တီးပြီးဖြစ်ပါက ယင်းကို ပိုမို ထိရောက်စေရန် မည်သို့ ဆောင်ရွက်နိုင်မည်ကို အကြံပြုနိုင်သည်။

## ပါတီစုံအုပ်စုများ၊ ကော်မတီများ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့များ

ဥရောပပါလီမန်တွင်ပါ ဝင်သည့် ပါတီစုံအုပ်စုများသည် လွှတ်တော်အမတ်များအတွက် FoRB ပြဿနာများကို စုစည်းပြီး ခွဲခြမ်းစိတ်ဖြာ ဆွေးနွေးစေသည့် အားကောင်းသော ပလက်ဖောင်းများဖြစ်သည်။

Cross Party အုပ်စုများသည် FoRB သက်ဆိုင်ရာ အကြောင်းအရာ သို့မဟုတ် နိုင်ငံများ ပေါ်မူတည်ပြီး ကွဲပြားနိုင်သည်။ ၎င်းတို့သည် အရပ်ဘက်လူ့အဖွဲ့အစည်းမှပံ့ပိုးမှုများ ပါဝင် သော ဆွေးနွေးပွဲများကို ဥပဒေပြုအဖွဲ့များတွင် ကျင်းပနိုင်သည်။ဤသို့သော အာရုံစူးစိုက်မှု ရှိသော လုပ်ဆောင်မှုသည် မကြာခဏဆိုသလို လွှတ်တော်သတင်းများနှင့်မီဒီယာများ၏ အာရုံကို ဆွဲဆောင်နိုင်စေသည်။ ဥပမာ - လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာ လွတ်လပ် ခွင့်ဆိုင်ရာ ဗြိတိန် APPG သည် အစီရင်ခံစာများကို လူထုအခြေပြုလူ့အဖွဲ့အစည်းများနှင့် ပူး ပေါင်းပြီးယူကေပါလီမန်တွင် FoRB ကိုမြှင့်တင်ရန်ကြားနာခြင်းနှင့်အခြားလုပ်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်သည်။

အခြားအမျိုးသားအဆင့်အဖွဲ့များတွင် အောက်ပါအဖွဲ့များပါဝင်သည်။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် ဘာသာပေါင်းစုံသဟဇာတဖြစ်စေရန် ပါကစ္စတန်လွှတ်တော် အမတ်များ - IPPFoRB နီပေါ၊ IPPFoRB ဘရာဇီး၊ IPPFRB ဟွန်ဒူးရပ်စ်၊ လွတ်လပ်သော ဘာသာရေးလွတ်လပ်ခွင့်အတွက် နော်ဝေလွှတ်တော်အဖွဲ့၊ ဒိန်းမတ်လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်နှင့်ယုံကြည်ခွင့်ဆိုင်ရာလွှတ်တော်များဆိုင်ရာကွန်ယက်၊ လွတ်လပ်စွာ ကိုးကွယ် ယုံကြည်ခွင့်အတွက် ကနေဒါပါလီမန်အမတ်များ၊ Pancasila Caucus (လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ကို မြင့်မားသောဦးစားပေးကိစ္စတစ်ရပ်အနေဖြင့် ရှုမြင်သော အင်ဒိုနီးရှား လွှတ်တော်အမတ်များပါဝင်သည့် လူ့အခွင့်အရေးအဖွဲ့)။

## အကြံပြုလုပ်ငန်း -

- FoRB အပေါ်ဆက်လက်အာရုံစူးစိုက်မှုကိုသေချာစေရန်အလို့ငှာ FORB ဆိုင်ရာ ပါတီစုံ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် ကော်မတီကိုသင်၏ဥပဒေပြုရေးအဖွဲ့တွင်တည်ထောင်ပါ။

- အကယ်၍သင်သည် FoRB ဆိုင်ရာ ပါတီစုံပါဝင်သောအဖွဲ့၏အဖွဲ့ဝင် သို့မဟုတ် ကော်မတီအဖွဲ့ဝင်ဖြစ်ပါက အတွေ့အကြုံများ၊ အစီအစဉ်များနှင့်ပူးတွဲလုပ်ဆောင်မှုများ ကို မျှဝေရန်အတွက်အခြားနိုင်ငံများမှ FoRB လွှတ်တော်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးပါ။

**ကော်မတီများ**

ကော်မတီများအနေဖြင့် အစိုးရသည်၎င်း၏မူဝါဒများနှင့်စပ်လျဉ်း၍ တာဝန်ခံရန် ဆောင်ရွက်ရပြီး အထူးသဖြင့် အချို့ပြဿနာများကိုမေးမြန်းစုံစမ်းနိုင်သည်။ လူ့အခွင့်အရေး နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ခုခုရှိပါက FoRB နှင့်သက်ဆိုင်သော သတင်းအချက် အလက်ကိုတင်ပြပါ။ လူ့အခွင့်အရေးကော်မတီများနှင့်ထိတွေ့ဆက်ဆံခြင်းသည် FoRB အား လူ့အခွင့်အရေးဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်များတွင် ထည့်သွင်းနိုင်ရန်အတွက် အရေးကြီး သောနည်းလမ်းဖြစ်သည်။ သို့မဟုတ်ပါက သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌကို ဆက်သွယ်ပြီး FoRB ပါရှိသည့် လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းမေးမြန်းမှုတစ်ခုပြုလုပ်ပါ။

**ဒေသဆိုင်ရာကွန်ရက်များ**

IPPFoRB ကဲ့သို့သော နိုင်ငံတကာကွန်ယက်များအပြင် ဒေသဆိုင်ရာ ကွန်ယက် များ သည် FoRB ကို ဦးတည်သောထောက်ခံအားပေးမှုအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်စေပြီး လွှတ်တော်အမတ်များပါဝင်ဆောင်ရွက်ရန်လည်း အကြံပြုပေးသည်။

ဥပမာများတွင်အောက်ပါတို့ပါဝင်သည်-

အာဆီယံလူ့အခွင့်အရေးအတွက်လွှတ်တော်အမတ်များ (APHR) - အာဆီယံနိုင်ငံများ မှ လက်ရှိလွှတ်တော်အမတ်များနှင့် လွှတ်တော်အမတ်ဟောင်းများ ပါဝင်ဖွဲ့စည်းထားသော

ဤအဖွဲ့သည် ဒီမိုကရေစီနှင့်လွတ်လပ်မှုကိုထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော လူ့အခွင့်အရေးဆိုင်ရာ ဖြေရှင်းချက်များကို မြှင့်တင်ရန်လုပ်ဆောင်နေသည်။ FoRB ဆိုင်ရာ လွှတ်တော်ကွန်ယက်တစ်ခုကို ဖွဲ့စည်းတည်ထောင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

IPPFoRB လက်တင်အမေရိက - သင်သည် လက်တင်အမေရိကမှလွှတ်တော်အမတ်တစ်ဦး ဖြစ်ပါက IPPFoRB လက်တင်အမေရိကကို ဆက်သွယ်ဆောင်ရွက်နိုင်သည်။

AfriPAHR: ၂၀၁၇ ခုနှစ်တွင် အာဖရိကတောင်ပိုင်းပြည်နယ်များမှ လွှတ်တော်အမတ်များသည် လူ့အခွင့်အရေးဆိုင်ရာအာဖရိကလွှတ်တော်ကို တည်ထောင်ခဲ့သည်။ ဤအဖွဲ့အစည်းသည် FoRB ကို အထူးအာရုံစိုက်ဆောင်ရွက်သည်။

## အနာဂတ်တွင်ဆောင်ရွက်ရန်အကြံပြုချက်

အကယ်၍ သင်သည် ဤအုပ်စုများမပါဝင်သောဒေသတစ်ခုမှဖြစ်ပါက၊ ဥပမာ - လူ့အခွင့်အရေးဆိုင်ရာဘော်လကန်လွှတ်တော်အမတ်များ၊ IPPFoRB တောင်ပိုင်း ကော့ကေးဆပ် သို့မဟုတ် အရှေ့အလယ်ပိုင်း IPPFoRB ကိုဖန်တီးရန်စဉ်းစားပါ။

## ဒေသဆိုင်ရာလူ့အခွင့်အရေးယန္တရားများနှင့်မည်သို့ဆက်ဆံရမည်နည်း

FoRB ကိုကာကွယ်ရန်၊ နိုင်ငံတကာစနစ်ကို ဖြည့်ဆည်းရန်နှင့် ဒေသဆိုင်ရာ တန်ဖိုး များကို ရောင်ပြန်ဟပ်သည့်ဒေသဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် အောက်ပါတို့ ပါဝင်သည်-

- လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်ရန်အတွက် ဥရောပကွန်ဗင်းရှင်း (၁၉၅၀)
- လူ့အခွင့်အရေးဆိုင်ရာအမေရိကန်ကွန်ဗင်းရှင်း (၁၉၆၉)
- လူသားနှင့်လူ့အခွင့်အရေးဆိုင်ရာအာဖရိကပဋိညာဉ်စာတမ်း (၁၉၈၁)
- လူ့အခွင့်အရေးဆိုင်ရာ အာရပ်ပဋိညာဉ်စာတမ်း (၂၀၀၄)
- ဥရောပသမဂ္ဂ၏အခြေခံအခွင့်အရေး ပဋိညာဉ်စာတမ်း (၂၀၀၀)

ပြည်တွင်းကုစားမှုလုပ်ငန်းစဉ်များ ကုန်ဆုံးသွားသည့်အခါ သို့မဟုတ် အကျင့်ပျက်ခြစားမှု သို့မဟုတ် အန္တရာယ်များကြောင့် ၎င်းတို့ လက်လှမ်းမမှီရန်မဖြစ်နိုင်ပါက FoRB ချိုးဖောက်မှုများ

ပါဝင်သည့် ကိစ္စများကို ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ယန္တရားများသို့ တင်ပြ အရှိန်မြှင့်တင် ဆောင်ရွက်နိုင်သည်။

## အာဖရိကသမဂ္ဂ

အမြဲတမ်းကိုယ်စားလှယ်များကော်မတီ (PRC) တွင် အာဖရိကသမဂ္ဂမှ အသိအမှတ်ပြု အဖွဲ့ဝင်နိုင်ငံများမှသံအမတ်အဆင့်ကိုယ်စားလှယ်များပါဝင်သည်။ ၎င်းသည် ဆပ်ကော်မတီ များစွာပါဝင်သည့်အကြံပေးအဖွဲ့ဖြစ်ပြီး (FoRB အဖွဲ့မပါဝင်သော်လည်း) အမှုဆောင်ကောင်စီ ၏အစည်းအဝေးများအတွက်အစီအစဉ်ကိုပြင်ဆင်ပေးသည်။ ၎င်းသည် အဖွဲ့အစည်း၏အဓိက အစိတ်အပိုင်းဖြစ်သော အာဖရိကသမဂ္ဂ၏ညီလာခံအစီအစဉ်ကိုရေးဆွဲပြီး တစ်နှစ်လျှင် နှစ်ကြိမ် တွေ့ဆုံသည်။ ပြည်နယ်နှင့်အစိုးရအကြီးအကဲများ သို့မဟုတ် ၎င်းတို့၏ အသိအမှတ်ပြု ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ဥပဒေအဖြစ် အာဏာတည်သောဆုံးဖြတ်ချက်များ သို့မဟုတ် ကြေညာချက်များကိုချမှတ်သည်။ မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း သို့မဟုတ် ဒေသ ဆိုင်ရာ စီးပွားရေးအသိုက်အဝန်းမဆို ညီလာခံအစီအစဉ်အတွက် အကြောင်းအရာများကို အဆိုပြုနိုင်သည်။

## အနာဂတ်တွင်ဆောင်ရွက်ရန်အကြံပြုချက်

ထူးခြားသိသာသော FoRB ပြဿနာ သို့မဟုတ် ပြင်းထန်ပြီး နှင့်/ သို့မဟုတ် ဆက်လက် ဖြစ်ပွားနေသောချိုးဖောက်မှုများဖြစ်လာသည့်အခါ ညှာတာထောက်ထားတတ်သော အစိုးရ တစ်ရပ် အနေဖြင့် နိုင်ငံတော်ခေါင်းဆောင်များအဆင့်တွင် ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက် AU ညီလာခံ၏ အစီအစဉ်တွင် ထည့်သွင်းပါ။

## လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေး ဆိုင်ရာအာဖရိကပဋိညာဉ်စာတမ်းအား အကောင် အထည်ဖော်ခြင်း

FoRB ကိုလူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကပဋိညာဉ်စာတမ်း၌ အကြိမ်များစွာဖော်ပြထားသည်။ အထူးသဖြင့်ပုဒ်မ ၈ တွင် " ယုံကြည်ချက်သက်ဝင်မှုဆိုင်ရာ လွတ်လပ်ခွင့်၊ အလုပ်အကိုင်နှင့်ဘာသာရေးလွတ်လပ်ခွင့်တို့ကို အာမခံရမည်။ အဆိုပါ

လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်ရန်အလို့ငှာ ဥပဒေနှင့်အမိန့်များတွင် ကျင့်သုံးခြင်း မပြုရ" ဟု ဖော်ပြထားသည်။

လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့်အရေးများဆိုင်ရာအာဖရိကကော်မရှင်နှင့်လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကတရားရုံးတို့ကို ပဋိညာဉ်စာတမ်း၏ အကောင်အထည်ဖော်မှုကို လွယ်ကူချောမွေ့စေရန်အလို့ငှာ တည်ထောင်ဖွဲ့စည်းခဲ့သည်။

## လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာအာဖရိကကော်မရှင်

ဂမ်ဘီယာနိုင်ငံ Banjul တွင်အခြေစိုက်သော ကော်မရှင်ထံတွင် အဓိကလုပ်ငန်း တာဝန် (၃) ခုရှိပါသည်-

- လူ့အခွင့်အရေးများနှင့်ပြည်သူ့အခွင့်အရေးများအားကာကွယ်ခြင်း
- လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့်အရေးများအားမြှင့်တင်ခြင်း
- လူ့အခွင့်အရေးနှင့်နှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာအာဖရိကပဋိညာဉ်စာတမ်း၏အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း။

ပြည်နယ်တစ်ခုစီသည် အာဖရိကပဋိညာဉ်စာတမ်းကိုလက်မှတ်ရေးထိုးပြီး နောက်နှစ်နှစ်အကြာတွင် ကော်မရှင်သို့ ကနဦးအစီရင်ခံစာတင်သွင်းရပြီး ပဋိညာဉ်တွင်ဖော်ပြပါ ရှိသော လူ့အခွင့်အရေးနှင့်လွတ်လပ်မှုဆိုင်ရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး နှစ်နှစ် တစ်ကြိမ် အစီရင်ခံစာတင်သွင်းရန် လိုအပ်သည်။ မိမိနိုင်ငံနှင့်သက်ဆိုင်သော အစီရင်ခံစာကို လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် လေ့လာနိုင်ပြီး အကယ်၍ သင့်နိုင်ငံအတွက် ပြန်လည်သုံးသပ်မှုလိုအပ်ချိန်ရောက်ပြီဆိုပါက သင့်လျော်သော ကော်မရှင်နာများအား သက်ဆိုင်သည့်ပြဿနာများကို ကြိုတင်ရှင်းပြထား နိုင်သည်။

ကော်မရှင်နာ ၁၁ ဦး အပြင် ကော်မရှင်တွင် တိကျသော ပြဿနာများကို စုံစမ်းစစ်ဆေးသည့် လုပ်ငန်းအဖွဲ့များ၊ အထူးကိုယ်စားလှယ်များရှိသော်လည်း FoRB နှင့် ပတ်သက်၍ကိုယ်စားလှယ်မရှိသေးပါ။

ပြည်တွင်းဥပဒေဆိုင်ရာကုစားမှုလုပ်ငန်းစဉ်များ ကုန်ဆုံးသွားသည့်အခါ အာဖရိက ပဋိညာဉ်စာတမ်းကိုမလိုက်နာသော နိုင်ငံတစ်နိုင်ငံအား ကော်မရှင်သို့ တိုင်ကြားနိုင်သည်။ ကော်မရှင်သည် အရေးပေါ်တိုင်ကြားမှုများကို အလျင်အမြန် တုန့်ပြန်နိုင်သည်၊ တွေ့ရှိချက်များနှင့်အကြံပြုချက်များ ပြုလုပ်နိုင်သည်။ လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့်ဆိုင်သော အုပ်ချုပ်မှုဆိုင်ရာ နိုင်ငံအလိုက် ဆုံးဖြတ်အရေးယူမှုများကို လက်ခံအသုံးပြုနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် သို့မဟုတ် စောင့်ကြည့် လေ့လာရန် ကော်မရှင်ထံတွင် အင်အားမရှိသည့်အတွက် ကော်မရှင်အနေဖြင့် အကောင်အထည်ဖော်ခြင်းအပိုင်းတွင် ပြဿနာများရှိနေသေးသည်။ မည်သို့ပင်ဖြစ်စေ အရေးယူဆုံးဖြတ်ချက်များတွင် ဖိအားပေးမှုပါရှိပြီး ယင်းကိစ္စများတွင် အရေးယူရာ၌ ပံ့ပိုးပေးနိုင်သည်။ ဥပမာအားဖြင့် ကော်မရှင်၏ဆုံးဖြတ်ချက်များကို ကာလကြာရှည် လိုက်နာအကောင်အထည်ဖော်မှု မရှိခြင်းသည် Eritrea နှင့်ပတ်သက်သော အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် အထူးကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့် တို့ကို ဖြစ်ပေါ်စေသည်။

မကျေနပ်ချက်များကို အောက်ပါအတိုင်း တိုင်ကြားနိုင်သည်

လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အတွင်းရေးမှူး အာဖရိကကော်မရှင်

၃၁ Bijilo နောက်ဆက်တွဲ Layout၊ Kombo မြောက်ပိုင်း၊ အနောက်တိုင်းဒေသ

P.O.Box 673 Banjul The Gambia

တယ်လီဖုန်း (220) 4410505 သို့မဟုတ် 4410506

ဖက်စ် (22)) 4410504

အီးမေးလ်။ au-banjul @ africa-union-org www.achpr.org

**လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာအာဖရိကတရားရုံး**

လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာအာဖရိကတရားရုံးသည် လူ့အခွင့်အရေးကာကွယ်ရေးအတွက်တာဝန်ရှိသည့်တရားစီရင်ရေးအဖွဲ့ဖြစ်သည်။ ကော်မရှင်နှင့် နီးကပ်စွာအလုပ်လုပ်ကိုင်သည့်တရားရုံး၏စီရင်ပိုင်ခွင့်ကို လိုက်နာရန် တရားစီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာနိုင်ငံကလက်ခံခဲ့သည်။ နိုင်ငံပေါင်းရှစ်နိုင်ငံတွင်သာ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။[7] (missing footnote here)

ပြည်နယ်တစ်ခုသည် ၎င်း၏တရားစီရင်ပိုင်ခွင့်ကိုလက်ခံကြောင်း ကြေငြာနေသမျှကာလပတ်လုံးတရားရုံးသည် ကော်မရှင်၊ အာဖရိကအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကော်မရှင်ရှိ လေ့လာသူအဆင့်ရှိ NGO များနှင့် တစ်ဦးချင်းစီမှ တရားစွဲဆိုမှုများကို လက်ခံနိုင်သည်။ ၎င်းသည် အခမဲ့ဖြစ်ပြီး ဒေသတွင်းကုစားမှုများကုန်ဆုံးသည့်အချိန်မှစ၍ သတ်မှတ်ထားသော သင့်လျော်သည့် အချိန်မှလွဲ၍ (Statue of limitation) အမှုတစ်ခုတွင်အချိန်ကန့်သတ်ချက်များမရှိချေ။

အမှုကိစ္စတစ်ခုအား မည်သို့ တင်သွင်းရမည်ဟူသော သတင်းအချက်အလက်များကို online တွင်ရရှိနိုင်သည်။ တန်ဇန်းနီးယား၊ Arusha ရှိတရားရုံး၏ရုံးခန်းသို့စာတိုက်၊ အီးမေးလ်၊ ဖက်စ် သို့မဟုတ် စာပို့ခြင်းဖြင့် တင်ပြရမည်။

## မှတ်ပုံတင်အရာရှိ

လူ့အခွင့်အရေးနှင့်ပြည်သူ့အခွင့်အရေးဆိုင်ရာအာဖရိကတရားရုံး Mwalimu Julius Nyerere ထိန်းသိမ်းရေးစင်တာ၊ Dodoma Road,

Dodoma လမ်း၊

P.O.Box 6274, Arusha, တန်ဇန်းနီးယား

---

[7] ဘီနင်၊ Burkina Faso၊ Cote d Ivoire၊ ဂါနာ၊ မာလီ၊ မာလာဝီ, တန်ဇန်းနီးယားနှင့်တူနီးရှားသမ္မတနိုင်ငံ (၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလအထိမှန်ကန်သည်

ဖုန်းနံပါတ်: + 255-272970430

အီးမေးလ်: info@african-court.org ၏ registrar@african-court.org

## **အနာဂတ်တွင်ဆောင်ရွက်ရန်အကြံပြုချက်**

ယင်းကဲ့သို့ဆောင်ရွက်ခြင်း မပြုရသေးပါက သင်၏နိုင်ငံကို လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကတရားရုံး၏တရားစီရင်ပိုင်ခွင့်သို့တင်ပြရန်တိုက်တွန်းပါ။

## **ပန်အာဖရိကန်လွှတ်တော် ( Pan- African Parliament )**

ပန်အာဖရိကန်လွှတ်တော်သည်(PAP)သည် အာဖရိကသမဂ္ဂ၏ဥပဒေပြုအဖွဲ့ ဖြစ်ပြီး အာဖရိကလူမျိုးများနှင့်ပြည်ပရောက်လူများကိုယ်စား ထုတ်ဖော်ပြောဆိုခွင့်ကိုရရှိထားသည်။ အာဖရိကရှိဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့်ပြည်သူ့အခွင့်အရေးများ၏ အခြေခံမူများကို မြှင့်တင် ပေးသည်။ ၎င်းတွင် အာဖရိကသမဂ္ဂအဖွဲ့ဝင်ပြည်နယ်တစ်ခုစီမှ လွှတ်တော်အမတ် ငါးဦး ပါဝင်သည်။ ၎င်းတို့အား တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမခံရဘဲ မျက်နှာစုံညီ အစည်းအဝေးနှစ်ကြိမ်နှင့် အမြဲတမ်းကော်မတီများ၏ နှစ်စဉ်အစည်းအဝေး(၂) ကြိမ်လည်း တက်ရောက်ရသည်။

PAP ၏ အမြဲတမ်းကော်မတီ ၉ ခု နှင့်အတူ အထူးပူးပေါင်းကော်မတီတစ်ခုတွင် သမဂ္ဂအတွင်းရှိ လွတ်လပ်ခွင့်၊ နိုင်ငံသားအခွင့်အရေး၊ တရားမျှတမှု၊ လူ့အခွင့် အရေးနှင့် ပြည်သူ့အခွင့်အရေး၊ အခြေခံအခွင့်အရေးများဆိုင်ရာ အခြေခံမူများကို ချမှတ်ပြီး လူ့အခွင့်အရေးများအတွက်ဆောင်ရွက်မည့် တရားမျှတမှုနှင့်လူ့အခွင့်အရေးကော်မတီ လည်း ပါဝင်သည်။ ဤကော်မတီနှင့် PAP ၏ဒေသဆိုင်ရာ ကော်မတီ ၅ ခု[8]သည် FoRB ပြဿနာများ အပါအဝင် အဓိကပြဿနာများအပေါ် သဘောတူညီမှုရရှိရေး စည်းရုံးဆော်သြရာတွင် အသုံး ဝင်သော နေရာများ ဖြစ်သည်။

---

[8] အာဖရိက အလယ်ပိုင်း၊ အာဖရိက အရှေ့ပိုင်း၊ အာဖရိက မြောက်ပိုင်း၊ အာဖရိက တောင်ပိုင်း၊ အာဖရိက အနောက်ပိုင်း။

PAP တွင် ဥပဒေပြုရေးအာဏာမရှိသော်လည်း နည်းဥပဒေ ၇၂ (၁) တွင် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံမှ မည်သည့်နိုင်ငံသားမဆို ယင်းအပေါ်တိုက်ရိုက်အကျိုးသက်ရောက်သော၊ အာဖရိကသမဂ္ဂ၏ လှုပ်ရှားမှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်အတွက် လွှတ်တော်သို့ အသနားခံ တိုင်ကြားစာကို ပေးပို့ဖြေရှင်းပိုင်ခွင့်ရှိသည်ဟုဖော်ပြထားသည်။ FoRB ချိုးဖောက်မှုကို သိရှိစေရန်အတွက်ထို အသနားခံစာကို PAP သို့တင်သွင်းနိုင်သည်။

အများအားဖြင့် အာဖရိလွှတ်တော်အမတ်များသည် ၎င်းတို့၏ဒေသဆိုင်ရာ ပန်အာဖရိကန်ပါလီမန်အမတ်များနှင့်ဆက်သွယ်၍ ဆွေးနွေးငြင်းခုံရန်အဆိုပြုချက်ကို တင်ပြနိုင်ရန်အတွက် တောင်းဆိုနိုင်သည်။ ဆွေးနွေးမှုမပြုလုပ်မီအခြားအဖွဲ့ဝင် တစ်ဦး မှ အဆိုကို တင်ရန်လိုအပ်သည်။ အကယ်၍ PAP မှ ယင်းကိစ္စနှင့်ပါတ်သက်၍ သတင်းအချက် အလက်ပိုမိုလိုအပ်သည်ဟုဆုံးဖြတ်ပါက ၎င်းသည် သက်ဆိုင်ရာနိုင်ငံသို့ အချက်အလက် ရှာဖွေရေးအဖွဲ့ (သို့မဟုတ်) လေ့လာသူများစေလွှတ်ခြင်းများကို ဆောင်ရွက်နိုင်သည်။ ယင်းက FoRB ချိုးဖောက်မှုများကိုအာရုံစိုက်ရန်ထိရောက်သောနည်းလမ်းတစ်ခုဖြစ်နိုင်သည်။

**အနာဂတ်တွင်ဆောင်ရွက်ရန်အကြံပြုချက်**

- PAP သို့သက်ဆိုင်ရာ FoRB ကိစ္စနှင့်ပတ်သက်၍ အသနားခံလွှာ တင်သွင်းရန်၊
- FoRB နှင့်ပတ်သတ်၍ အဆိုတင်သွင်းရန်နှင့် ဒုတိယအကြိမ်အဆိုတင်သွင်းရန် ပန်-အာဖရိကန်လွှတ်တော်အမတ်များအား ဖိအားပေးပါ။

**အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)**

အာဆီယံမူဘောင်အတွင်း၌ လူ့အခွင့်အရေးယန္တရားမရှိပါ။ လက်ရှိတွက် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် အာဆီယံအစိုးရများအကြားလူ့အခွင့်အရေးဆိုင်ရာ ကော်မရှင် (AICHR) တွင်သာ ထိန်းချုပ်ဆောင်ရွက်ထားသည်။ နှစ်မျိုးလုံးတွင် အားနည်းချက်၊ အားသာချက်များရှိသည်။ ထို့အပြင် ၎င်းတို့၏ တရားဝင်ဥပဒေစနစ်ပြင်ပတွင် ကျူးလွန်

ခံရသူများသည် FoRB ချိုးဖောက်မှုများအားတိုင်ကြားနိုင်သည့် ဒေသဆိုင်ရာတရားရုံး သို့မဟုတ် ယန္တရားများမရှိပါ။

## အနာဂတ်တွင်ဆောင်ရွက်ရန်အကြံပြုချက်

- လူ့အခွင့်အရေးအတွက် အာဆီယံပါလီမန်အမတ်များနှင့် ပူးပေါင်းပြီး ကွန်ရက်တစ်ခု အနေဖြင့် စည်းရုံးဆော်သြပါ။ လူ့အခွင့်အရေးကြေညာစာတမ်း အားကောင်းလာစေရေး၊ တိုင်ကြားနိုင်မည့် ယန္တရားတစ်ခုနှင့် တရားရုံးတစ်ခုတည်ထောင်နိုင်ရေး အပါအဝင် အာဆီယံလူ့အခွင့်အရေးမူဘောင်ပြုပြင် ပြောင်းလဲရေးအတွက် အရပ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းပါ။

## ဥရောပသမဂ္ဂ

ဥရောပကောင်စီ (CoE)

ဥရောပကောင်စီသည် ဥရောပတိုက်ကြီး၏အဓိကလူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင် ၄၇ ဦးပါဝင်သည်။ အထွေထွေအတွင်းရေးမှူးချုပ်နှင့် လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်တို့က ဦးဆောင်ပြီး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများဖြင့် ဖွဲ့စည်း ထားသောကော်မတီလည်းပါရှိသည်။ ၎င်းသည် မူဝါဒနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ပြီး ဘတ်ဂျက်နှင့်လုပ်ငန်းလှုပ်ရှားမှုများကို အတည်ပြုသည်။ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို သီးခြားလွတ်လပ်စွာဖြေရှင်းသော လူ့အခွင့်အရေးဆိုင်ရာကော်မရှင်နာတစ်ဦးပါရှိသည်။ ဥရောပကောင်စီ၏လွှတ်တော်တွင် အဖွဲ့ဝင် ၃၂၄ ဦးပါရှိပြီး ဆွေးနွေးငြင်းခုံကြသည့်နေရာ ဖြစ်သကဲ့သို့ ယင်းလွှတ်တော်ကပင် အထွေထွေအတွင်းရေးမှူးချုပ်၊ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာနှင့် ဥရောပတရားရုံး၏ တရားသူကြီးများကို ရွေးကောက်တင်မြှောက်သည်။ ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာပြီး ကော်မတီများတွင်လတ်တလောဆွေးနွေးမှု များကိုစစ်ဆေးသည်။ ဥရောပကောင်စီတွင် အဖွဲ့အစည်း ၄၀၀ ခန့်ပါဝင်သည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကွန်ဖရင့်လည်းရှိသည်။

ကောင်စီ၏အခြားအဓိကအင်္ဂါတစ်ခုမှာ ဥရောပလူ့အခွင့်အရေးတရားရုံး (ECtHR) ဖြစ်ပြီး လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်း (ECHR)တွင် ပြဋ္ဌာန်းထားသော အခွင့်အရေးများကိုအာမခံပေးသည်။

ECHR အပိုဒ် ၉

၁။ လူတိုင်း လွတ်လပ်စွာတွေးခေါ်ခွင့်၊ သဘောတူခွင့်နှင့် ယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ ယင်းတွင် ၎င်း၏ဘာသာရေး သို့မဟုတ် ယုံကြည်သက်ဝင်မှုကို ၎င်းစိတ်တိုင်းကျပြောင်းလဲရန် လွတ်လပ်ခွင့်ပါရှိပြီး တစ်ဦးတည်းသော်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းတွင် အခြားသူများနှင့်သော်လည်းကောင်း၊ ၎င်း၏ဘာသာ (သို့မဟုတ်) ယုံကြည်သက်ဝင်မှုကို သင်ကြားပေးခြင်း၊ လေ့ကျင့်ခြင်း၊ ကိုးကွယ်ခြင်း၊ လိုက်နာစောင့်ထိန်းခြင်းပြုရာတွင် လွတ်လပ်ခွင့် ရှိသည်။

၂။ လူတစ်ဦးတစ်ယောက်၏ ဘာသာတရား သို့မဟုတ် ယုံကြည်မှုများကို လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်သည် အခြားသူများ၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ကာကွယ် ရန် သို့မဟုတ် အများပြည်သူလုံခြုံမှုအကျိုးစီးပွားအတွက် ဒီမိုကရေစီနည်းကျလူ့အသိုင်း အဝိုင်းတွင် လိုအပ်ချက်အရ ဥပဒေအရ ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များအတွင်းတွင်သာ ဖြစ်သင့်သည်။

ECHR သည် ဥရောပကောင်စီ၏ ၄၇ နိုင်ငံရှိနိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်ပေးသည်။ အချို့သော အခြေအနေများတွင် ၎င်းသည် အခြားနိုင်ငံများရှိ လူများ၏ အခွင့်အရေးကိုကာကွယ်နိုင်သည်။ ECHR အရ လူတစ်ဦး၏ အခွင့်အရေးကို ချိုးဖောက်နေပြီး ၎င်းတို့သည် ပြည်တွင်းဥပဒေဆိုင်ရာ ကုစားမှုများကို မရရှိနိုင်ပါက သူတို့၏အမှုအား ဥရောပ လူ့အခွင့်အရေးတရားရုံးသို့ ယူဆောင်လာနိုင်ပြီး သူတို့၏အမှုကို တိုင်ကြားဖြေရှင်းနိုင်သည်။ တရားရုံးသည် အမှုများကို ECHR ကို အသုံးချ၍ အဓိပ္ပာယ်ကောက်ယူခြင်းအားဖြင့် စီရင်ဆုံးဖြတ်ပြီး နိုင်ငံအဆင့်နှင့်ဒေသဆိုင်ရာ အဆင့်များ၌အကောင်အထည်ဖော်သည့် တရားဝင်စည်းမျဉ်းများကိုချမှတ်သည်။

**အဖွဲ့အစည်းအတွင်းမူဝါဒ**

အီးယူ၏အခြေခံလူ့အခွင့်အရေးပဋိညာဉ်စာတမ်း၏အပိုဒ် ၁၀ တွင်ဤသို့ဖော်ပြ ထားသည် -

"၁။ လူတိုင်း လွတ်လပ်စွာတွေးခေါ်ခွင့်၊ သဘောတူခွင့်နှင့် ယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ ယင်းတွင် ၎င်း၏ဘာသာရေး သို့မဟုတ် ယုံကြည်သက်ဝင်မှုကို ၎င်းစိတ်တိုင်းကျပြောင်းလဲရန် လွတ်လပ်ခွင့်ပါရှိပြီး တစ်ဦးတည်းသော်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းတွင် အခြားသူများနှင့်သော်လည်းကောင်း၊ ၎င်း၏ဘာသာ (သို့မဟုတ်) ယုံကြည်သက်ဝင်မှုကို သင်ကြားပေးခြင်း၊ လေ့ကျင့်ခြင်း၊ ကိုးကွယ်ခြင်း၊ လိုက်နာစောင့်ထိန်းခြင်းပြုရာတွင် လွတ်လပ်ခွင့်ရှိသည်။

၂။ ဆင်ခြင်တုံတရားရှိစွာကန့်ကွက်ပိုင်ခွင့်ကို ယင်းအခွင့်အရေးအတွက် ပြဋ္ဌာန်းထားသော အမျိုးသားအဆင့် ဥပဒေများနှင့်အညီ အသိအမှတ်ပြုသည်။"

အီးယူအခြေခံအခွင့်အရေးများပဋိညာဉ်စာတမ်းသည် အီးယူအဖွဲ့ဝင်နိုင်ငံသားများအား ကိုယ်ရေး ကိုယ်တာ၊ ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးအခွင့်အရေးများခံစားခွင့် ရှိစေသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင်လစ္စဘွန်းစာချုပ်အသက်ဝင်ချိန်မှစတင်ပြီး ယင်းပဋိညာဉ်လည်း ဥပဒေ ကဲ့သို့ အသက်ဝင်သည်။ ယင်းပဋိညာဉ်သည် ECHR နှင့်ကိုက်ညီသည်။ ယင်းတို့ကိုပိုမိုမြင်သာ စေရန်နှင့်ရှင်းလင်းစေရန်ဆောင်ရွက်ခြင်းအားခြင့် အခြေခံ အခွင့်အရေး များအား မြှင့်တင်ခြင်းကို ပိုမိုအားကောင်းစေသည်။ ၂၀၁၀ ခုနှစ်တွင် ဥရောပကော်မရှင်သည် ပဋိညာဉ်စာတမ်းပါအခွင့်အရေးနှင့်လွတ်လပ်ခွင့်များ ထိရောက်စွာ အကောင်အထည်ဖော်မှု သေချာစေရန်နှင့် စောင့်ကြည့် ရန် မဟာဗျူဟာတစ်ခုကို လက်ခံခဲ့သည်။

အီးယူ၏အခြေခံအခွင့်အရေးများဆိုင်ရာအေဂျင်စီ (FRA)သည် အချက်အလက်များကို စုဆောင်းပြီး ဥရောပသမဂ္ဂအတွင်းတွင်နေထိုင်ကြသူများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်ပေးမှုအား သေချာစေရန် အဖွဲ့ဝင်နိုင်ငံများနှင့် အီးယူအဖွဲ့အစည်းများအား အကြံဉာဏ်များပေးသည်။ ပြည်သူလူထုအနေဖြင့်အခြေခံအခွင့်အရေးများအကြောင်း သိရှိမှု မြင့်တက်စေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ဆွေးနွေးမှုများပြုလုပ်ခြင်းကိုလည်း မြှင့်တင် ပေးသည်။ ခွဲခြားဆက်ဆံမှုမရှိရေးနှင့် တန်းတူညီမျှရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊

တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းအဖြစ်ပုံဖော်ရန် ဘာသာတရားအားဖြင့် လှုံ့ဆော်သော သူများနှင့် လူ့အခွင့်အရေးအားဖြင့် လှုံ့ဆော်သူများအကြား ပူးပေါင်းဆောင်ရွက်မှု နှင့် ပူးတွဲလုပ်ဆောင်မှုကို ရှာဖွေသတ်မှတ်နိုင်ရန်အတွက် FRA က FoRB ကိစ္စများကို ဖြေရှင်းဆောင်ရွက်သည်။

FRA သည် အီးယူအဖွဲ့အစည်းများနှင့် အဖွဲ့ဝင် နိုင်ငံများအကြား အဆက်မပြတ် ဆက်သွယ် ဆက်ဆံမှုကိုထိန်းသိမ်းထားသည်။ အမျိုးသားအဆင့် ဆက်သွယ်ဆက်ဆံရေး အရာရှိများ (NLOs) များမှာ အဖွဲ့ဝင်နိုင်ငံများအတွက် FRA များအတွက် အဓိက ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ ဖြစ်သည်။, အစိုးရအရာရှိများဖြစ်ကြသော NLO များသည် FRA နှစ်စဉ်လုပ်ငန်းအစီအစဉ်များအပေါ် ထင်မြင်ချက်များတင်ပြနိုင်ပြီး အေဂျင်စီ အနေဖြင့် အခြေခံ အခွင့်အရေးခွဲခြမ်းစိတ်ဖြာမှုကို ပိုမိုနားလည်စေပြီး အမျိုးသားရေးမူဝါဒလိုအပ်သည့် အဖွဲ့ဝင် နိုင်ငံများကိုလည်း ထောက်ပံ့ကူညီမှုများပေးနိုင်သည်။

**ပြင်ပလှုပ်ရှားမှု -**

**FoRB အပေါ်လမ်းညွှန်ချက်များ**

၂၀၁၃ ခုနှစ်တွင် အီးယူနိုင်ငံခြားရေးကောင်စီသည် ယင်း၏ ဘဏ္ဍာရေးဆိုင်ရာ ကိရိယာများမှ တစ်ဆင့်အပါအဝင် FoRB ၏မြှင့်တင်ရေးကို တိုးတက်ရန်ရည်ရွယ်လျက် လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ကို မြှင့်တင် ခြင်းနှင့်ကာကွယ်ခြင်းဆိုင်ရာ အီးယူ လမ်းညွှန်ချက်များကို လက်ခံခဲ့သည်။ လမ်းညွှန်ချက်များသည် FoRB ကာကွယ်ရေးအတွက် ခိုင်မာသော အခြေခံ ဖြစ်နေချိန်တွင် ဥရောပ သမဂ္ဂဝန်ထမ်းများအကြား FoRB နှင့်ပတ်သက်၍

အသိပညာနှင့် ဗဟုသုတ နည်းပါးပြီးပိုမို ထိရောက်သော စောင့်ကြည့်လေ့လာရေးစနစ်များ လိုအပ်သည်။[9]

## အီးယူပြင်ပတွင် FoRB တိုးမြှင့်မှုအတွက်အထူးကိုယ်စားလှယ်

FoRB ဆိုင်ရာအထူးကိုယ်စားလှယ်ရာထူးကို ဥရောပကော်မရှင်ဥက္ကဌ Jean-Claude Juncker က ၂၀၁၆ ခုနှစ်မေလတွင်ခန့်အပ်ခဲ့ပြီး စတင်ဖွဲ့စည်းချိန်မှစတင်ကာ Jan Figel ကထမ်းဆောင် ခဲ့သည်။ အထူးကိုယ်စားလှယ်သည် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကော်မရှင်နာအတွက် အထူးအကြံပေးအဖြစ်လည်း ဆောင်ရွက်ပြီး ဥရောပ ပြင်ပလှုပ်ရှားမှု ဝန်ဆောင်မှု (EEAS) နှင့်နီးကပ်စွာညှိနှိုင်းအလုပ်လုပ်သည်။ အထူး ကိုယ်စားလှယ်ရာထူးဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအား နှစ်စဉ်ပြန်လည် ရေးဆွဲ သည်။

## အီးယူလူ့အခွင့်အရေးအထူးကိုယ်စားလှယ်

အီးယူလူ့အခွင့်အရေးအထူးကိုယ်စားလှယ် ရာထူးကို ၂၀၁၂ခုနှစ် ဇူလိုင်လတွင်ဖန်တီးခဲ့ပြီး ၎င်း၏ အခန်းကဏ္ဍမှာ အီးယူလူ့အခွင့်အရေးမူဝါဒ၏ထင်သာမြင်သာရှိမှုနှင့် အကျိုးထိရောက်မှု တို့ကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ EUSR တွင် ပိုမိုကျယ်ပြန့်များပြားသော လုပ်ငန်းတာဝန်များ ရှိပြီး FoRB ဆိုင်ရာအထူးကိုယ်စားလှယ်နှင့် နီးကပ်စွာအလုပ်လုပ်ကိုင်သည်။

## အီးယူလွှတ်တော် (EP)

[9] Amy Shepherd၊ CSW EU စည်းရုံးဆော်သြရေး မန်နေဂျာ၊ သံတမန်ရေးရာနှင့် စိတ်ဓာတ်ကြံ့ခိုင်ခြင်း (Determination) – EU လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ဆိုင်ရာ ၅နှစ်စာ EU လမ်းညွှန်ချက်များ၊ FoRB အစအဆုံး - CSW၏ ဘလော့၊ ဧပရယ် ၁၆၊ ၂၀၁၈။ https:// forbinfull.org/2018/04/16/diplomacy-and-determination-five-yearsof-the-eu-guidelines-on-freedom-of-religion-or-belief/

အီးယူလွှတ်တော်သည် အီးယူ၏ တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့်အဖွဲ့ဖြစ်သည်။ ၎င်းတွင် ဥရောပကော်မရှင် (EC)[10]ကို ဥပဒေကြမ်းများပြုစုရာတွင် အထောက်အကူပြုသော လူ့အခွင့်အရေးနှင့် နိုင်ငံခြားရေးရာကော်မတီ(AFET) အပါအဝင် ကော်မတီ ၂၂ ခုပါဝင်သည်။ အဆိုပါကော်မတီများသည် လူ့အခွင့်အရေးဆိုင်ရာဆပ်ကော်မတီ၊ နိုင်ငံခြားရေးရာ ဆပ်ကော်မတီ ကဲ့သို့သော ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်သည်။ လွှတ်တော်တွင် Intergroups များရှိပြီး၊ အသင့်တော်ဆုံးမှာ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်နှင့် ဘာသာရေး သည်းခံခွင့်လွှတ်မှုဆိုင်ရာ Intergroup ဖြစ်သည်။ သင်သည် ဥရောပလွှတ်တော် အဖွဲ့ဝင်တစ်ဦးဖြစ်ပါက FoRB ကိုမြှင့်တင်ကာကွယ်ရန် အီးယူပြင်ပတွင် လုပ်ဆောင်မှုများအား သေချာစေသည့် ပါတီစွဲကင်းသော အဆိုပါ Intergroup များသည် FoRB ဆိုင်ရာ မူဝါဒအသစ်များနှင့် ဥပဒေများအတွက် အတွေး အခေါ်အသစ်များရရှိရေးကူညီပေးပြီး FoRB ဆိုင်ရာပြဿနာများကို အီးယူမူဝါဒချမှတ်သူများ၏ အာရုံစိုက်မှုရရှိစေရန် အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။ ၎င်း၏ လုပ်ငန်းများတွင် FoRB ဆိုင်ရာ ကမ္ဘာတစ်ဝှမ်းလုံးရှိ အခြေအနေများအပေါ် နှစ်စဉ်အစီရင်ခံများ ထုတ်ဝေခြင်းလည်း ပါဝင်သည်။

**ဥရောပကောင်စီမှလွှတ်တော်အမတ်များအတွက် အနာဂတ်တွင်ဆောင်ရွက်ရန် အကြံပြုချက်များ-**

- ECtHR ၏ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ခြင်းအား ထောက်ပံ့ရန်နှင့် ECHR ကို ကာကွယ်ထိန်းသိမ်းရန် လွှတ်တော်ယန္တရားကိုအသုံးပြုပါ

**အီးယူနိုင်ငံရေးသမားများအတွက်**

- ဥရောပသမဂ္ဂနှင့်ပြင်ပရှိ FoRB မြှင့်တင်ကာကွယ်ရန်၊ NLOs များအနေဖြင့် FRA များနှင့်ထိတွေ့ဆက်ဆံရေးတိုက်တွန်းအားပေးရန် လွှတ်တော်ယန္တရားကိုအသုံးပြုပါ

---

[10] EC သည် အီးယူ၏ အလုပ်အမှုဆောင်အဖွဲ့ဖြစ်သည်။ "EU၏ အကျိုးစီးပွားတိုးတက်ရေးအတွက် ဥပဒေများ အဆိုပြုခြင်းနှင့် ပြဋ္ဌာန်းခြင်းပြုလုပ်ပြီး EU ပေါ်လစီနှင့် ငွေစာရင်းကို အကောင်အထည်ဖော်သည်။ https://europa.eu/european-union/about-eu/institutions-bodies/europeancommission_en

## MEP များအတွက်

FoRB Intergroup ၏လုပ်ဆောင်မှုများကိုပူးပေါင်းထောက်ခံပါ။

- အီးယူလွှတ်တော်တွင် FoRB ပြဿနာများကိုတင်ပြရန် လွှတ်တော်ယန္တရားကို အသုံးပြုပါ။

## ဥရောပလွှတ်တော်

- အီးယူအဆင့်တွင် FoRB စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ရန်အတွက် ဘာသာရေး သည်းမခံမှုနှင့် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်ခြင်းဆိုင်ရာ ဥရောပပလက်ဖောင်းတစ်ခုကိုအရပ်ဖက်လူမှုအဖွဲ့အစည်းကွန်ယက်နှင့် ချိတ်ဆက်ဆောင်ရွက်ပါ။

## အားလုံးအတွက်

- အဆင့်မြင့်နိုင်ငံရေးသမားများနှင့်တွေ့ဆုံရန်နှင့် သင့်နိုင်ငံသို့ အလည်အပတ်ရောက်ရှိရန်နှင့် လူ့အခွင့်အရေးနှင့်အထူးကိုယ်စားလှယ် EUSR ကိုဖိတ်ကြားပါ
- MEP များနှင့်အခြား EU ကိုယ်စားလှယ်များနှင့် သင်၏နိုင်ငံထံ ၎င်းတို့ လာရောက်ချိန်တွင် တွေ့ဆုံပါ
- ဒေသတွင်းအခြေစိုက် EU ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်သွယ်၍ နိုင်ငံတော်အဆင့်၌ FoRB လမ်းညွှန်ချက်များကိုအကောင်အထည်ဖော်ရန် ထိတွေ့ဆက်သွယ်ပါ
- လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် FORB ကိစ္စရပ်များကိုတင်ပြရာတွင် အီးယူ၏ အကူအညီကိုတောင်းခံပါ
- FoRB ဆိုင်ရာ အမျိုးသားအဆင့် ဆောင်ရွက်မှုအစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားကောင်းခိုင်မာစေရေးနမူနာအဖြစ် FoRB လမ်းညွှန်ချက်များနှင့်အီးယူလူ့အခွင့်အရေး စီမံချက်ကိုသုံးပါ

- အီးယူ၏လူ့အခွင့်အရေးဆွေးနွေးပွဲများ၊ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများနှင့် ဒေသဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုဆွေးနွေးမှုများတွင် ဆွေးနွေးရာ၌ FoRB အရေး ဖိအားပေးရန် လွှတ်တော် ယန္တရားများကိုအသုံးပြုပါ။
- ဖြစ်နိုင်သည့်နေရာများတွင် FORB ကိစ္စရပ်များကို GSP+[11] ပြန်လည်သုံးသပ်မှုများသို့ တင်ပြနို င်ရန် လွှတ်တော် ယန္တရားများကိုအသုံးပြုပါ။
- ယူ၏စည်းရုံးလှုံ့ဆော်မှုများကိုလုပ်ဆောင်ရန်နှင့် အမျိုးသားအဆင့် အရေးကိစ္စများကို နိုင်ငံတကာအဆင့်သိရှိနိုင်စေရန် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပါ။

## လူ့အခွင့်အရေးဆိုင်ရာ အင်တာအမေရိကန်ကော်မရှင် (IACHR)

ကော်မရှင်သည် အမေရိကန်ပြည်ထောင်စု အဖွဲ့အစည်း(OAS) ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိတ်အပိုင်းဖြစ်သည်။ ၎င်း၏တာဝန်မှာ အင်တာအမေရိကန်လူ့အခွင့်အရေးတရားရုံးနှင့်အတူ လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး အမေရိကန်စနစ်အတွင်း လူ့အခွင့်အရေး များကို ကာကွယ်ပေးသည့် အဓိက အဖွဲ့အစည်းဖြစ်သည်။ တစ်ဦးချင်းအသနားခံခြင်းကို လက်ခံနိုင်သည်၊ အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်ပြီး ဦးစားပေးအကြောင်းအရာ ပြဿနာများကို ဆန်းစစ်သည်။

လူ့အခွင့်အရေးဆိုင်ရာအမေရိကန်ကွန်ဗင်းရှင်း၏အပိုဒ် ၄၄ တွင် အောက်ပါအတိုင်း ဖော်ပြသည်:

"လူပုဂ္ဂိုလ်သို့မဟုတ်လူပုဂ္ဂိုလ်အုပ်စုတစ်စု သို့မဟုတ် အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံတွင် သို့မဟုတ် တစ်နိုင်ငံထက်ပိုသောနိုင်ငံများတွင်လည်းကောင်း တရားဝင် အသိအမှတ် ပြုထားသောအဖွဲ့အစည်းသည် နိုင်ငံတစ်နိုင်ငံ၏ ဤပဋိညာဉ်အား ချိုးဖောက်မှု များကို ရှုတ်ချ သို့မဟုတ် တိုင်ကြားလျက် ကော်မရှင်သည် အသနားခံလွှာ တင်နိုင်သည်"

[11] GSP+ သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် EU Generalized Scheme of Preferences ('GSP') ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ GSP အားဖြင့် အကျိုးအမြတ်ရရှိပြီးသားဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကုန်သွယ်ရေး မက်လုံးပေး ဆွဲဆောင်ခြင်းအားဖြင့် အလုပ်သမားနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုအစရှိသည်တို့ကို အကောင်အထည်ဖော်စေပါသည်။

ကော်မရှင်သည်နိုင်ငံများသို့ သွားရောက်၍ လူ့အခွင့်အရေးအခြေအနေများကို အကဲဖြတ်နိုင်ပြီး အကြံပြုချက်များထုတ်ပေးနိုင်သည်။ ပစ်မှတ်ထားသော လူမှုအသိုင်းအဝိုင်း အပေါ် သတ်သတ် မှတ်မှတ်ချိုးဖောက်မှုများအား အာရုံစူးစိုက်သည့် အကြောင်းအရာဆိုင်ရာ ကိုယ်စားလှယ်များ ကိုလည်း ဖန်တီးနိုင်သည်။ လက်ရှိအချိန်တွင် အထူးကိုယ်စားလှယ် ၁၀ ဦးရှိသော်လည်း FoRB ဆိုင်ရာကိုယ်စားလှယ်မရှိသေးပါ။

ကော်မရှင်သည် တစ်ဦးချင်းစီမှ စွပ်စွဲချက်ချိုးဖောက်မှု သို့မဟုတ် မကျေနပ်မှုဆိုင်ရာ တိုင်ကြားချက်အစီရင်ခံစာများကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်မှုရှိသည့် ဖြေရှင်းချက် များနှင့်စပ်လျဉ်းသော ဖြစ်နိုင်ခြေကိုစူးစမ်းလေ့လာသည်။ ယင်းသို့ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပျက်ကွက်လျှင် ယင်းတရားရုံး၏တရားစီရင်ဆုံးဖြတ်ချက်ကို လက်ခံသမျှကာလပတ်လုံး ယင်းကိစ္စကို အင်တာအမေရိကန်လူ့အခွင့်အရေးတရားရုံးသို့ လွှဲပြောင်း ခြင်းကို ကော်မရှင်က ဆောင်ရွက်နိုင်သည်။ ပြည်နယ်များနှင့် ကော်မရှင်ကသာ အမှုများကို တရားရုံးထံ တင်သွင်း နိုင်သည်။

ရုတ်ချည်းအန္တရာယ်ရှိသည့် အလေးအနက်ထားဆောင်ရွက်ရမည့် အရေးပေါ်ကိစ္စများ တွင် ကော်မရှင်သည် ကြိုတင်ကာကွယ်ဆောင်ရွက်မှုကိုတောင်းဆိုနိုင်သည်။ တစ်ဦးချင်းစီ သို့ မဟုတ် ကော်မရှင်ကိုယ်တိုင်က အသနားခံစာတင်သွင်းခြင်းဖြင့် ဆောင်ရွက် နိုင်သည်။

## ကော်မရှင်သို့အသနားခံစာမည်သို့တင်ရမည်နည်း

အထူးနှင့်အရေးပေါ်အခြေအနေများအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ပါဝင် သော ကော်မရှင်သို့အသနားခံလွှာတင်သွင်းခြင်းအတွက်လမ်းညွှန်ကို စပိန်၊ ပြင်သစ်၊ အင်္ဂလိပ် နှင့်ပေါ်တူဂီဘာသာဖြင့် အွန်လိုင်းတွင်ရနိုင်သည်။

မည်သည့်ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အုပ်စု၊ သို့မဟုတ် အဖွဲ့အစည်းကိုကိုယ်တိုင်ဖြစ်စေ၊ ၎င်းအားကိုယ်စား ပြုသူကဖြစ်စေ အသနားခံစာ တင်နိုင်သည်။ အသနားခံသူ မဟုတ်

ကိုယ်စားလှယ်ကိုလည်း လုပ်ငန်းစဉ်ကာလအတွင်းပြောင်းလဲနိုင်သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကော်မရှင်အား စာဖြင့်အကြောင်းကြားရမည်။

ပြည်တွင်းတရားစီရင်ရေးကုစားမှုများ ကုန်လွန်မှုမရှိသမျှ ကော်မရှင်သည် အသနားခံစာကို မစစ်ဆေးနိုင်သည်ကို သတိပြုပါ။ ပြည်တွင်းတရားစီရင်ရေးကုစားမှုများကို လုံလောက်ထိရောက်သည်ဟု သတ်မှတ်ပါသည်၊ ထို့ကြောင့် ပြည်တွင်းတရားရုံးများသည် ချိုးဖောက်ခံထားရသောအခွင့်အရေးကို အကာအကွယ် မပေးလျှင် သို့မဟုတ်၊ သူတို့ရဲ့အာဏာကို သေချာစေရန် စွမ်းရည် မရှိလျှင် ရှောင်လွှဲနိုင်သည်။

(Statue of limitation) အသနားခံလွှာတင်သွင်းမှုအပေါ် ကန့်သတ်ချက်သည် ပြည်တွင်းကုစားမှုများကုန်ဆုံးပြီး ၆ လ အတွင်း ဖြစ်သည်။

**အနာဂတ်တွင်ဆောင်ရွက်ရန်အကြံပြုချက်**

- ကော်မရှင်၏အစီရင်ခံစာများများကို အသုံးပြုပါ။ အစီရင်ခံစာပါ အကြံပြုချက်များ အပေါ် သင်၏အစိုးရနှင့် ဆောင်ရွက်ပါ
- ကော်မရှင်သို့ FoRB ချိုးဖောက်မှုများကိုအသနားခံစာတင်သွင်းပါ။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် FoRB ဆိုင်ရာအထူးကိုယ်စားလှယ် ခန့်အပ်ရန် တွန်းအားပေးနိုင်လိမ့်မည်။

## ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားများနှင့်မည်သို့ဆက်ဆံရမည်နည်း

FoRB ပြဿနာများကိုဆွေးနွေးတင်ပြနိုင်သည့် ကုလသမဂ္ဂယန္တရားများစွာရှိသည်။ သို့သော်လည်း လွှတ်တော်အမတ်များအတွက် အသင့်လျော်ဆုံးသော ဆောင်ရွက်မှုမှာ အထူးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ပြီး အထူးသဖြင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခြင်းဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဖြစ်သည်။ ၎င်းက FoRB ချိုးဖောက်မှုများ သို့မဟုတ် အလားအလာ ရှိသော ချိုးဖောက်မှုများနှင့် စပ်လျဉ်းသော ယုံကြည်ရသည့် အချက်အလက်များကို တင်သွင်းရန် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းကြား ဆောင်ရွက်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊

ဘာသာရေးသို့မဟုတ် ကိုးကွယ်မှု ဆိုင်ရာ အသိုက်အဝန်းများနှင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်စီအား ဖိတ်ခေါ်သည်။ ဒေါက်တာ Ahmed Shaheed သည် လက်ရှိ အထူးကိုယ်စားလှယ်ဖြစ်သည်။

အထူးကိုယ်စားလှယ်အား ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ခန့်အပ်ပြီး FoRB ဆိုင်ရာ လက်ရှိနှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲအတားအဆီးများကို ခွဲခြားဖော်ထုတ်ရန် တာဝန်ရှိ သည်။ အထူးကိုယ်စားလှယ်သည် အချက်အလက်များရှာဖွေရန် အခြားနိုင်ငံများသို့ သွားရောက်ခြင်း ၎င်းထံ တင်ပြထားသော FoRB ချိုးဖောက်မှုများနှင့်စပ်လျဉ်းသည့် နိုင်ငံများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း လူ့အခွင့်အရေးကောင်စီထံသို့ အစီရင်ခံစာနှင့် အကြံပြုချက်များကို နှစ်စဉ်တင်သွင်းခြင်းတို့ကို ပြုလုပ်သည်။

အထူးကိုယ်စားလှယ်က စိုးရိမ်မှုများနှင့် အကြံပြုချက်များကို ဖော်ပြလျက် ချိုးဖောက်မှု ကျူးလွန် သူများထံ အရေးကြီးဆက်သွယ်ရေးသားမှုများပြုလုပ်သည့် အချိန်အထိ အထူးကိုယ်စားလှယ်ထံ ပေးပို့သော ချိုးဖောက်မှုဆိုင်ရာ အချက်အလက်များကို လျှို့ဝှက်ထားရှိ မည်ဖြစ်သည်။ အထူးကိုယ်စားလှယ်၏ ဆက်သွယ်မှုများနှင့် ပြန်လည်ရရှိသော တုန့်ပြန်ချက်များအား လူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာများတွင် ပြုစုဖော်ပြမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံထံသို့ ဆက်သွယ်မှု ပြုရန် အဆိုပါနိုင်ငံသည် နိုင်ငံတကာ သို့မဟုတ် ဒေသတွင်း လူ့အခွင့်အရေး စာချုပ်များကို လက်မှတ်ရေးထိုးထားခြင်းရှိ/ မရှိ ကျူးလွန်ခံရသူ အနေဖြင့် နိုင်ငံတွင်းတွင် အရေးယူဆောင်ရွက် မှုများ ပြုလုပ်ဆောင်ရွက်မှု ရှိ/ မရှိတို့ကို စုံစမ်းရန် မလိုအပ်ပါ။ တစ်ဦးချင်းစီ၏ တင်သွင်းလွှာများကို အွန်လိုင်းမှ သော်လည်းကောင်း စာတိုက် သို့မဟုတ် အီးမေလ်ဖြင့် သော်လည်းကောင်း တင်သွင်း နိုင်သည်။ သို့သော်ငြားလည်း အထူးကိုယ်စားလှယ်သည် ကျူးလွန်ခံရသူ သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ် သို့မဟုတ် မိသားစုဝင်များထံမှ သဘောတူညီချက် မရှိဘဲ အရေးယူ ဆောင်ရွက်ခြင်း မပြုလုပ်နိုင်ပါ။ အာဏာပိုင်များနှင့် ဆက်သွယ်ရာတွင် ကျူးလွန်ခံရသူ၏ အမည်ကို ဖော်ပြရန်အတွက်လည်း သဘောတူညီချက်ရရှိရန်လိုသည်။ အရေးကြီး အသနားခံမှု များနှင့် ဆက်သွယ်မှုများတွင် ပုံမှန်အားဖြင့် ကျူးလွန်ခံရသူ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ် များက

လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုရှိကြောင်း ရှင်းလင်းစွာ ဖော်ပြသည့် အမှုများမှလွဲ၍ ကျူးလွန်ခံရသူများ၏ အမည်များပါရှိသည်။ ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပြန်လည် လက်ခံရရှိသော တုန့်ပြန်မှုများစုစည်း ထိန်းသိမ်းမှု လုပ်ငန်းစဉ်မှာ အတူတူပင်ဖြစ်သည်။[12]

လူ့အခွင့်အရေးကောင်စီထံ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက ရွေးကောက်တင်မြှောက်ခံရရန် ကြိုးပမ်းနေချိန်တွင် ကတိကဝတ်များပြုခြင်း၊ ဆန္ဒအလျောက်ခံဝန်များထိုးခြင်းတို့ကို ပြုလုပ် ကြသည်။ သို့သော်လည်း အဆိုပါ ကတိကဝတ်များသည် မရေရာ မသဲကွဲဘဲ တာဝန်ခံမှု အခွင့် အလမ်း နည်းပါးသည်။

## အနာဂတ်တွင် လုပ်ဆောင်ရန် အကြံပြုချက်

- ဤလမ်းညွှန်၏ အစောပိုင်းတွင် ဖော်ပြထားသည့် လွှတ်တော်ယန္တရားများကို အသုံးပြုခြင်း ဖြင့် သင်၏အစိုးရအား သင်၏နိုင်ငံသို့ လာရောက်လည်ပတ်ရေး အထူးကိုယ်စားလှယ်ကို ဖိတ်ကြားရန် တွန်းအားပေးပါ။ အထူးကိုယ်စားလှယ်၏ လူ့အခွင့်အရေးကောင်စီထံ တင်သွင်းသော အစီရင်ခံစာ သို့မဟုတ် သင့်နိုင်ငံ၏ UPR[13] Review တွင် ပါရှိသော FoRB အကြံပြုချက်များကို အကောင်အထည်ဖော်ရန် သင်၏ အစိုးရအား တိုက်တွန်းပါ။
- FoRB နှင့်သက်ဆိုင်သော ဥပဒေပြုမှုဆိုင်ရာစိုးရိမ်မှုများနှင့် တစ်ဦးတစ်ယောက်ချင်း ဆိုင်ရာ ကိစ္စရပ်များကို အလေးပေးဖော်ပြရန်။ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ များကို အသုံး ပြုပါ။
- အကယ်၍ လူ့အခွင့်အရေးကောင်စီတွင် ရွေးချယ်ခံရရန် သင့်အစိုးရက ကြိုးစားနေပါလျှင် FoRB နှင့်ဆိုင်သော ခိုင်မာသော ကတိကဝတ်ပါရှိမှု သေချာစေရန် ကတိကဝတ် မူကြမ်း

---

[12] HRC အစည်းအဝေးတစ်ခုချင်းဆီအတွက် အသေးစိတ် လုပ်ဆောင်ချက်များနှင့် နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများကို စွပ်စွဲထားချက် အကျဉ်းများပါဝင်သည့် ဆက်သွယ်ရေးဆိုင်ရာ အစီရင်ခံစာများကို အထူး လုပ်ငန်းစဉ်များ (Special procedures)များမှ ပူးတွဲ ထုတ်ဝေပါသည်။

[13] UPR သည် နိုင်ငံတစ်ခု၏ လူ့အခွင့်အရေးမှတ်တမ်းများကို လေးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အခြားနိုင်ငံများ၊ ပြည်တွင်းလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းအဖွဲ့ဝင်များမှလည်း အစီရင်ခံစာများနှင့် အကြံပြုချက်များကို တင်သွင်းနိုင်ပါသည်။

ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကာ အကြံပြုသော လုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနများထံ တရားဝင်ရေးသားပေးပို့သော စာများ လွှတ်တော်တွင်း ဆွေးနွေးငြင်းခုံမှုများနှင့် ယင်းကိစ္စအပေါ် နှုတ်ဖြင့် သို့မဟုတ် စာဖြင့် ရေးသားပေးပို့ခြင်း များပါဝင်သည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်မည်နည်း။

ဒီမိုကရေစီနှင့် ကောင်းမွန်သော အုပ်ချုပ်မှုအတွက် လွတ်လပ်ပြီး တက်ကြွသော လူမှုအဖွဲ့အစည်း တစ်ရပ်ရှိရန် အရေးကြီးပါသည်။ အစိုးရများ ကောင်းမွန်စွာ လုပ်ငန်းဆောင်ရွက်ရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများက လူထုကိုယ်စားစည်းရုံးဆောင်ရွက်သည်။ FoRB နှင့်ဆိုင်သော စိုးရိမ်ပူပန် မှုများ သို့မဟုတ် နိုင်ငံများရှိ FoRB ချိုးဖောက်မှုများအကြောင်း ပိုမိုသိရှိလိုသော လွှတ်တော်အမတ် များအတွက် ၎င်းတို့၏ သုတေသနနှင့် အတွေ့အကြုံများသည် တန်ဖိုးရှိနိုင်ပါသည်။

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ

နိုင်ငံအများအပြားတွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ ရှိကြပါသည်။ ယင်းကော်မရှင် များသည် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို စုံစမ်းဖော်ထုတ်သော လွတ်လပ် အမှီအခိုကင်းသည့် အဖွဲ့အစည်းများဖြစ်ပြီး အစိုးရများက ဖြေရှင်းဆောင်ရွက်ရန် အကြံပြုချက် များကို ပေးသည်။ ယင်းအကြံပြုချက်များမှာ ဥပဒေကဲ့သို့ အာနိသင်မရှိသော်လည်း ဥပဒေရေးရာ ကိစ္စရပ်များ လှုံ့ဆော်တိုက်တွန်းရေး ကြိုးပမ်းမှုများတွင် အသုံးချနိုင်သည်။ ဥပမာ မက္ကစီကိုနိုင်ငံ တွင် ဘာသာရေးအသိုင်းအဝိုင်းများအား ၎င်းတို့၏ နေအိမ်များမှ နှင်ထုတ်ခံရမှု အပေါ် လူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှုမှရရှိသော တွေ့ရှိချက်များကို ယင်းကဲ့သို့သော ချိုးဖောက်မှုများတွင် အစိုးရ၏ ကာကွယ်ဆောင်ရွက်မှုအတွက် အသုံးပြုခဲ့သည်။

အချို့သော ပြည်နယ်များတွင် ဒေသတွင်း သို့မဟုတ် ဒေသန္တရ လူ့အခွင့်အရေး ကော်မရှင်များ ရှိကြ သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံရှိ ဖက်ဒရယ်စနစ်တွင်ရှိသော ပြည်နယ်အများစုတွင် ၎င်းတို့ကိုယ်ပိုင် လူ့အခွင့်အရေးကော်မရှင်များ ရှိကြသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်လာပါက ပြည်နယ် အလိုက် လူ့အခွင့်အရေးကော်မရှင်ထံ ကနဦးတင်ပြဆောင်ရွက်မှုများ ပြုလုပ်ပြီး လိုအပ်သည့်အခါ စနစ်မှ တစ်ဆင့် ဆက်လက် ဆောင်ရွက်ကြသည်။

**အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)**

ယုံကြည်ရသော အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ သုတေသနနှင့် လေ့လာစမ်းစစ်မှု များဖြင့် မူဝါဒများနှင့် ဥပဒေပြုခြင်းအပေါ် အကြံပြုချက်များပေးကြသည်။ ယင်းက မူဝါဒများ ဖော်ဆောင်ခြင်းနှင့်စိစစ်ခြင်းအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်သော လွှတ်တော်အမတ်များကို ကူညီပံ့ပိုး နိုင်သည်။

လွှတ်တော်အမတ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများအကြား ပူးပေါင်းဆောင် ရွက်လုပ်ရှားမှုများ ထိရောက်စွာ ပြုလုပ်ခြင်းဖြင့် ပြဿနာကိစ္စတစ်ရပ်အပေါ် ထိရောက်စွာ ဆောင်ရွက်ရန် အစိုးရတစ်ရပ်အား ဖိအားပေးနိုင်သည်။ FoRB ကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ကြိုးပမ်းမှုများတွင် အရေးကြီးသော ရင်းမြစ်နှင့် အသုံးဝင်သော လက်တွဲဖော်အဖြစ် အရပ်ဖက် လူမှုအဖွဲ့အစည်းများကို ရှုမြင်သင့်သည်။

ထိရောက်သော အရပ်ဖက်အဖွဲ့အစည်း ကွန်ယက်တစ်ခု မှ ဘာသာရေးသီးမခံမှုနှင့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေးဆိုင်ရာ ဥရောပ ပလက်ဖောင်း (EPRID)ဖြစ်ပြီး FoRB ဆိုင်ရာ အီးယူ၏ မူဝါဒနှင့် အလေ့အထများ ပိုမိုအားကောင်းရန် ဥပရောပ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဇွန်လတွင် FoRB ဆိုင်ရာ အီးယူ၏ လမ်းညွှန်ချက်များအား ပိုမို ကောင်းမွန်စွာ မည်ကဲ့သို့ အကောင်အထည်ဖော်နိုင်မည်ကို အီးယူအဆင့် ဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက် (EPRID) FoRB ကာကွယ်သူများသည် ကမ်ပိန်းကို ဆောင်ရွက်ခဲ့သည်။ ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးကာကွယ် သူများနှင့်အတူ

ရပ်တည်ပြီး (EPRID) FoRB ကာကွယ်သူများ (FoRBDefender Campaign) ကန်ပိန်းကို ဆောင်ရွက်ခဲ့ပြီး FoRB ဆိုင်ရာ သိရှိနားလည်မှုကို ကမ္ဘာလုံး အတိုင်းအတာဖြင့် မြှင့်တင်ခြင်းအားဖြင့် အဆိုပါ လူမှုမီဒီယာလှုပ်ရှားမှုသည် ကိုးကွယ်ယုံကြည်မှု ရှိသူများနှင့် ကိုးကွယ်ယုံကြည်မှု မရှိသူများအားလုံးကို " ယုံကြည်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါဟာ ကျွန်ုပ်၏ အခွင့်အရေး ဖြစ်သည်" ဟု ကြေညာရန် ဖိတ်ခေါ် ခဲ့သည်။

## မီဒီယာ

မီဒီယာများသည် အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် ပြည်သူလူထု၏ အမြင်များအပေါ် လွှမ်းမိုးရန်နှင့် သိရှိနားလည်မှုကို မြှင့်တင်ရန်အတွက် အရေးကြီးသည်။ ဒေသန္တရအဆင့်မီဒီယာ များသည် သင်၏ ဒေသ သို့မဟုတ် သင်၏ အသိုင်းအဝိုင်းတွင် FoRB မြှင့်တင်ရန် ကြိုးပမ်းရာတွင် အဓိကသော့ချက်ဖြစ်ပြီး အမျိုးသားအဆင့်မီဒီယာများက အစိုးရအား အမျိုးသားအဆင့် ပြဿနာရပ်များအနေဖြင့် အာရုံစူးစိုက်မှု ရရှိရန် ဆောင်ရွက်နိုင်ပြီး နိုင်ငံတကာမီဒီယာတွင်လည်း ဖော်ပြ နိုင်ရန် ဆောင်ရွက်နိုင်သည်။

လွှတ်တော်အမတ်များသည် FoRB ဆိုင်ရာ ၎င်းတို့၏ လုပ်ငန်းများအပေါ် အာရုံစူးစိုက်မှုရရှိစေရန် မီဒီယာများနှင့် အောက်ပါနည်းလမ်းများအတိုင်း ပူးပေါင်းဆောင်ရွက် နိုင်သည်။

- သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း
- သတင်းစာတွင် ဆောင်းပါးများရေးခြင်း၊ ဘလော့များရေးသားခြင်း
- အယ်ဒီတာထံ ပေးစာများရေးသားခြင်း
- ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းထောက်များရှိသည့် Facebook၊ Twitter အပါအဝင် လူမှုမီဒီယာပေါ်တွင် တိုက်ရိုက်ထုတ်ပြန်ခြင်း၊

## အကြံပြုထားသည့်လုပ်ငန်းများ

- အောက်တိုဘာလ ၂၇ ရက်နေ့တွင်ကျရောက်သည့် နိုင်ငံတကာလွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ဆိုင်ရာနေ့တွင် FoRB ကိုထောက်ခံသောစာများအားလူမှုမီဒီယာ ပေါ်တွင်

မျှဝေပါ။ FoRBDefender ဝက်ဘ်ဆိုဒ်အား လေ့လာပြီး လူမှုမီဒီယာပေါ်တွင် စာများမျှဝေပါ။ ဥပမာအားဖြင့်-

လူတိုင်း လွတ်လပ်စွာကိုးကွယ်ခွင့်၊ တွေးခေါ်ခွင့်နှင့် သိရှိလက်ခံခွင့်ရှိသည်။ FoRB ဆိုင်ရာ သိရှိနားလည်မှုများကိုမျှဝေပါ။ ကမ္ဘာတစ်ဝှန်းရှိ ကိုးကွယ်ယုံကြည်မှုရှိသူများနှင့် ကိုးကွယ် ယုံကြည်မှုမရှိသူများအားလုံးကို " ယုံကြည်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါဟာ ကျွန်ုပ်၏ အခွင့်အရေးဖြစ်သည်" ဟု ကြေညာရန်စုစည်းဖိတ်ခေါ်ပါ။ https://forb-defenders. org/take-action #FoRBdefender @IPP_FORB

## ဆောင်ရွက်ခြင်း

အောက်တိုဘာလ ၂၇ ရက်နေ့တွင်ကျရောက်သည့် နိုင်ငံတကာလွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာနေ့တွင် အောက်ပါတို့ကို ဆောင်ရွက်ပါ။

- FoRB ကိုထောက်ခံသောစာများအားလူမှုမီဒီယာပေါ်တွင် မျှဝေပါ။
- FoRB ကိစ္စရပ်တစ်ခုနှင့်ဆိုင်သော လွှတ်တော်မေးခွန်းတစ်ခုကိုတင်သွင်းပါ။
- ကမ္ဘာပေါ်ရှိ FoRB ဆိုင်ရာကိစ္စတစ်ခု၏အခြေအနေနှင့် အစိုးရ၏တုန့်ပြန်မှုအကြောင်း လွှတ်တော်အတွင်းတွင် ဆွေးနွေးပါ။
- သင့်နိုင်ငံ၏ အထူးကိုယ်စားလှယ် သို့မဟုတ် သံတမန်ထံ FoRB ဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် စပ်လျဉ်းပြီး စာရေးသားပါ။ အကယ်၍ အထူးကိုယ်စားလှယ် သို့မဟုတ် သံတမန် ခန့်အပ် ထားခြင်းမရှိသေးပါက ခန့်အပ်ရန် စည်းရုံးဆော်သြပါ။
- ကာလရှည်လုပ်ဆောင်နိုင်မည့်လုပ်ငန်းများအား အာရုံစိုက်နိုင်ရန် သင်၏လွှတ်တော် အတွင်းတွင် FoRB ဆိုင်ရာပါတီစုံအဖွဲ့နှင့်ချိတ်ဆက်ပါ သို့မဟုတ် ယင်းအဖွဲ့အားဖွဲ့ပါ။
- လွှတ်တော်အမတ်များအတွက် FoRB ဆိုင်ရာနောက်ဆုံးသတင်းများရရှိနိုင်ရန် IPPFoRB အတွင်းရေးမှူးရုံးအား ဆက်သွယ်ပါ။

## အသုံးဝင်သော Link များနှင့် ဆက်လက်ဖတ်ရှုရန်များ

## အသုံးဝင်သော Link များ

**Forum- Asia** - အာရှရှိ အမျိုးသားအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားသော အတွင်းရေးမှူးရုံးဖြစ်ပြီး ဒေသတွင်းတွင် ပြောင်းလဲမှုများပြုလုပ်ရန်အတွက် အဓိက ဆောင်ကြသည်။ ယင်းသည် အာရှရှိဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ ယန္တရားတစ်ခုလည်း ဖြစ်သည်။ https://www.forum-asia.org/

**ASEAN Civil Society Conference/ ASEAN Peoples' Forum (ACSC/ APF )** - ASEAN Summit ကာလအတွင်း ပြိုင်တူလှုပ်ရှားမှုများကို ဆောင်ရွက်သော အရှေ့တောင်အာရှရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများပါဝင်သော အဖွဲ့ဖြစ်သည်။ ဤအဖွဲ့တွင် လူ့အခွင့်အရေး ဆိုင်ရာများကို စိတ်ပါ ဝင်စားဆောင်ရွက်သော အဖွဲ့အစည်းများ၊ ကုန်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ် များကို ဆောင်ရွက်သော အဖွဲ့အစည်းများ စသည်ဖြင့် မျိုးစုံသော အဖွဲ့ဝင်များ ပါရှိကြသည်။ ဤ အဖွဲ့အစည်းတွင် ကျယ်ပြန့်သော လုပ်ငန်း တာဝန်များရှိပြီး ကိစ္စရပ်များစွာကို ကိုယ်စားပြု ဆောင်ြသ သည်။ ဤ အဖွဲ့အစည်းသည် အာဆီယံ ခေါင်းဆောင်များနှင့် ပွင့်လင်းသော ဆွေးနွေးမှုများ ပြုလုပ် ရန် ရည်ရွယ်ပြီး သာမန် ပြည်သူလူထုအတွက် ၎င်းတို့၏ ပြဿနာရပ်များကို ဖော်ပြနိုင်သည့်နေရာ အဖြစ် ပံ့ပိုးပေးသည်။ http://www. acsc-apf

**CSW** - CSW သည် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို အဓိကဆောင်ရွက်သော လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှတိုက်၊ အာဖရိကတိုက်၊ အရှေ့ အလယ်ပိုင်းနှင့် လက်တင် အမေရိကရှိ နိုင်ငံပေါင်း(၂၀)ကျော်တွင် လုပ်ငန်းများ ဆောင်ရွက်သည်။ အဆိုပါနိုင်ငံများရှိ FoRB အခြေအနေများဆိုင်ရာ အစီရင်ခံစာများကို ဤအဖွဲ့ထံတွင် ရရှိနိုင်သည်။ အခြေခံလူ့အခွင့်အရေး နှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးသည့် ဘလော့ဂ်တစ်ခုလည်း ရှိသည်။https://www. csw. org.uk/

**European Platform against Religious Intolerance and Discrimination (EPRID)** - EPRID သည် UDHR၊ ICCPR နှင့် အခြားနိုင်ငံတကာလူ့အခွင့်အရေး စာချုပ်စာတမ်းများတွင် ဖော်ပြ ထားသည့်အတိုင်း FoRB ကိုမြှင့်တင်ရန်အီးယူအဆင့်တွင် လုပ်ငန်းများဆောင်ရွက်သော

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များပါရှိသည့် ကွန်ယက်တစ်ခု ဖြစ်သည်။ EPRID ၏ FoRB Defender ကမ်ပိန်းသည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးကာကွယ် သူများနှင့် အတူရပ်တည်ပြီး (FoRB ဆိုင်ရာသိရှိနားလည်မှုကို ကမ္ဘာလုံးအတိုင်းအတာဖြင့် မြှင့်တင်ခြင်းအားဖြင့် ကိုးကွယ်ယုံကြည်မှု ရှိသူများနှင့် ကိုးကွယ်ယုံကြည်မှုမရှိသူများအားလုံးကို "ယုံကြည်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါဟာ ကျွန်ုပ်၏အခွင့်အရေးဖြစ်သည်" ဟု ကြေညာရန် ဖိတ်ခေါ်ခဲ့သည်။ http://www.eprid.eu/

## ဆက်လက်ဖတ်ရှုရန်များ

လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ကဏ္ဍအလိုက် ပြဿနာများနှင့် တိုင်းပြည်အလိုက် အစီရင်ခံစာများသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ FoRB အခြေအနေ အပေါ် နက်ရှိုင်းစွာ စမ်းစစ်လေ့လာမှုကဲ့သို့ ထောက်ပံ့ဖြစ်စေသည်။ **Freedom of Religion or Belief Learning Platform** သည် လူတိုင်းအတွက် လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို မြှင့်တင် ရန်နှင့် တစ်ဦးတစ်ယောက် အနေဖြင့်သော်လည်းကောင်း၊ အသိုင်းအဝိုင်းအနေဖြင့် သော်လည်းကောင်း ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် သော်လည်းကောင်း၊ ပိုမို သိရှိနိုင်စေမည့် ရင်းမြစ်များ ကို ပံ့ပိုးပေးသည်။ https://religiousfreedomandbusiness.org/about

**Religious Freedom and Business Foundation** သည် ဘာသာရေးလွတ်လပ်ခွင့်ရှိမှုက စီးပွား ရေးလုပ်ငန်းများအပေါ် မည်သို့ကောင်းမွန်သည်ကို သင်ကြားပေးသည်။ လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ကို လေးစားမြှင့်တင်ရန်အတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအားပေးသည်။

As Christians, we stand with everyone facing injustice because of their religion or belief.

@IPP_FoRB
/ippforb
http://ippforb.com

T +44 (0)20 8329 0010
@CSW_UK
/CSWUK
csw.org.uk

PO Box 99
New Malden
Surrey, KT3 3YF
United Kingdom

© Copyright CSW 2018. All rights reserved. No part of this publication may be reproduced, stored in a retrieval system, transmitted, in any form or by any means, electronic, photocopying, mechanical, recording and/or otherwise without the prior written permission of CSW.